မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၈ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၂၈၉)

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့် ယင်းအမိန့်ပါ အာဏာတည်ရမည့် အချိန်ကာလကို လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇူလိုင် ၁၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၀) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးရာတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် လည်းကောင်း၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဤအမိန့်သည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ဖြစ်ပါကြောင်း၊ အဆိုပါ အမိန့်အရ စရိတ်နုတ်ပယ်ခွင့် (၂) ရပ်နှင့် အခွန်ခုနှိမ်ခွင့် (၂) ရပ်စုစုပေါင်း အခွန်ဆိုင်ရာသက်သာခွင့် (၄) ရပ်ကို ခွင့်ပြုပေးထားခြင်း ဖြစ်ပါကြောင်း၊ ယင်းအမိန့်ကို အချိန်ကိုက် ထုတ်ပြန်ဆောင်ရွက်ခဲ့ရမှုနှင့် ပတ်သက်၍ ဤအမိန့်ပါ ခံစားခွင့်များသည် COVID – 19 ကြောင့် ထိခိုက်လာမှုများ၊ သက်ရောက်လာမှုများအပေါ် သုံးသပ်ပြီးမှ သင့်လျော်သည့် ကုစားမှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ခဲ့ရခြင်းကြောင့် ယခုကဲ့သို့ ထုတ်ပြန်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

အဆိုပါ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်ဖြင့် ခံစားခွင့်ပြုလိုက်သည့် အခွန်ဆိုင်ရာ သက်သာခွင့်များနှင့် စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန် လုပ်ထုံးလုပ်နည်း၊ တွက်ချက်မှုနမူနာ၊ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/ ၂၀၂၀ ဖြင့် ထပ်ဆင့် ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ COVID – 19 Economic Relief Plan သည် COVID – 19 ကြောင့် လက်ရှိရင်ဆိုင်နေရသည့် အရေးပေါ်ကိစ္စရပ်များအတွက် ဖြေရှင်းရုံသာမက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့်လည်း ချိတ်ဆက်ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။ *စာမျက်နှာ ၇ ကော်လံ ၁* ❖

ဟားခါးမြို့၌ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ဟားခါး ဇူလိုင် ၁၇

၂၀၂၀–၂၀၂၁ ပညာသင်နှစ် ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကျောင်းသို့သွားကြစို့" အဖွင့်တေးသီချင်းဖြင့် သီဆိုခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

သတင်းမာတိကာ

ဗိုလ်ချုပ်၏သတ္တိထဲမှ ဖြစ်တည်နေသော နိုင်ငံရေးသြဇာတိက္ကမ — ဆောင်းပါး စာ ၉

ဘရာဇီးနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် နှစ်သန်းကျော်ပြီ — စာ ၁၄

မြန်မာ့အလင်း

အာဇာနည်များနှင့် ဦးအောင်ဆန်း

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲများကာလက ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်ရင်း အသက်စွန့်ခဲ့ရသူ မြန်မာနိုင်ငံ၏ အာဇာနည်တစ်ဦး အဖြစ် ထင်ရှားသော ဆရာတော် ဦးဝိစာရကိုယ်တော်၏ အထိမ်း အမှတ် ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို ၁၉၄၃ အောက်တိုဘာ ၂ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီးအဖြစ် တက်ရောက်ကာ ဂုဏ်ပြု မိန့်ခွန်းပြောကြားခဲ့ရာတွင်-

ယနေ့ယခု စုရုံးကြရသည့်ကိစ္စမှာ အင်္ဂလိပ်တို့၏ အကျဉ်းထောင်ထဲတွင် နိုင်ငံအတွက် ၁၆၆ ရက်တိုင် အစာငတ်ခံဆန္ဒပြရင်း ပျံ့လွန်တော်မူသွားရရှာသော အရှင်ဦးဝိစာရ ကိုယ်တော်ကြီးအား ချီးကျူး ရခြင်းဖြစ်ကြောင်း၊ ယခုပြုလုပ်သည်မှာ အစိုးရတစ်ခုတည်းက မဟုတ်ဘဲ တိုင်းပြည်နှင့်အဝန်း အသက်ကို စွန့်စားသည့် အာဇာနည်များ အား ပူဇော်ကြရခြင်းပင်ဖြစ်ကြောင်း၊ မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ထိုက်သူကို ပူဇော်ကြခြင်းဖြစ်ပြီး ပူဇော်ရခြင်းမှာလည်း ထိုအာဇာနည်များ၏ အနိုင်မခံလိုစိတ်၊ မျိုးချစ်စိတ်၊ အမြဲတေစိတ် များကို ချီးကျူးပူဇော်ကြခြင်းဖြစ်ကြောင်း၊ ... ယုံကြည်ချက်အတွက် အသက်သေခံမည်ဟူသည့် အာဇာနည်စိတ်ဓာတ်ကို ချီးကျူးဖို့ ကောင်းကြောင်း၊ ရှေ့လုပ်ငန်းများအတွက် ဆရာတော်ဦးဝိစာရကဲ့သို့ စိတ်ဓာတ်မွေးမြူကြဖို့ အရေးကြီးကြောင်း၊ ..လွတ်လပ်ရေးအတွက် အရိုးကြေကြေ အရေခန်းခန်း တစ်ယောက်တည်း ကျန်လျှင်ကျန် ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်ပြီး အာဇာနည်အမြဲတေစိတ်ကို မွေးမြူ ကြစေလိုကြောင်း မြွက်ကြားခဲ့သည်။

တစ်ဖန် မြန်မာ့လွတ်လပ်ရေး၏ အဆုံးသတ်တိုက်ပွဲများကို ဆင်နွှဲနေသည့်အချိန် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများက အရှိန် အဟုန်ဖြင့် တိုးမြင့်တက်ကြွနေချိန်ဖြစ်သော ၁၉၄၆ ဧန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်ကာလက ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၌ ဖဆပလအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့ညီလာခံ တစ်ရပ် ကျင်းပခဲ့ပေသည်။ ထိုညီလာခံမစတင်မီ ဧန်နဝါရီ ၁၇ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် အလယ်ပစ္စယံကုန်းမြေ၌ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့လွတ်လပ်ရေးတိုက်ပွဲတွင်း ကျဆုံးခဲ့ရှာသော ရဲဘော်များ၊ ပြည်သူများကို အာဇာနည်များအဖြစ် ဂုဏ်ပြုအထိမ်းအမှတ် ကျောက်တိုင်စိုက်ထူပြီး အလေးပြုသည့် အခမ်းအနားကို ဖဆပလ ဥက္ကဋ္ဌ ဦးအောင်ဆန်း ကိုယ်တိုင် တက်ရောက်ကျင်းပခဲ့သည်။

ထိုအခမ်းအနားတွင် ခေါင်းဆောင်ကြီး ဦးအောင်ဆန်းက ဗိုလ်မှူးကြီးဗထူး၏ လုပ်ရည်ကိုင်ရည်နှင့် သူရသတ္တိကို ချီးကျူးရင်း ယနေ့ပြုလုပ်သောပွဲသည် ဗမာပြည်လွတ်လပ်ရေးအတွက် တိုက်ခိုက်ရင်း ကျဆုံးသော ရဲဘော်များကိုရည်စူး၍ ချီးကျူးသည့် အထိမ်းအမှတ် ပွဲဖြစ်ကြောင်း၊ ယခုလို လာရောက် အရိုအသေပြုရုံမျှဖြင့် ကျဆုံးသော ရဲဘော်များကို ချီးကျူးရာရောက်မည် မဟုတ်ကြောင်း၊ တကယ် ချီးကျူးရာရောက်အောင် ၎င်းရဲဘော်များ သွေးနှင့် စိုက်ပျိုးခဲ့သည့် လွတ်လပ်ရေးပန်းပင်ကို အစဉ်တစိုက် မြေတောင်မြှောက်ပေး၊ ရေလောင်းပေါင်းသင်ပေးရန်လိုကြောင်း၊ ယင်းသို့ ဆက်လက်ကြိုးပမ်း လုပ်ကိုင်ကြမှသာ အမှန်တကယ် ချီးကျူးရာရောက်မည်ဖြစ်ကြောင်း၊ ကျဆုံးသူများကို အမြဲအမှတ်ရနေပြီး တိုင်းပြည်နှင့်လူမျိုး အကျိုးရှိ မည့်အလုပ်ကို လုပ်ကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကို တညီ တညွတ်တည်း ရှေးရှုလုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ မလုပ်ကြ ဘူးဆိုလျှင် ကျဆုံးသူများကို သစ္စာဖောက်ရာရောက်နေမည် ဖြစ်ကြောင်းနှင့် ပြောကြားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး၏ မိန့်မှာချက်မှာ လွန်စွာတန်ဖိုး အလေးအမြတ်ပြုအပ်လှပါသည်။ အာဇာနည်များဟူသည် မိမိတို့ ယုံကြည်ချက်အတွက်၊ မိမိတို့ နိုင်ငံနှင့်လူမျိုးအတွက် အသက်ကို စွန့်လွှတ်ခဲ့ကြသူများဖြစ်၏။ ထိုသူတို့မှာ ပူဇော်ထိုက်သူများဖြစ်၏။ အလေးအမြတ်ပြုကာ မမေ့အပ်သူများဖြစ်၏။

ထို့ပြင်တဝ၊ အလေးပြုရုံမျှဖြင့်မပြီးဘဲ ထိုသူတို့ ကြိုးပမ်းခဲ့သော ပန်းတိုင်များကို မျက်ခြည်မပြတ်ဘဲ ဆက်လက်အားထုတ်ဆောင်ရွက် ကြခြင်းဖြင့်သာ အာဇာနည်တို့ကို ဂုဏ်ပြုချီးကျူးအလေးပြုရာ ရောက်မည်ကို သတိပြုအပ်ပါသတည်း။ ။

ဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့၌ (နဝမနေ့)အဖြစ် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို မွန်းတည့် ၁၂ နာရီ မှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (တတိယနေ့)အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲနဝမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း ၃၈၄ ပါးအနက် ၂၁၀ ဖြေဆိုကြသဖြင့် ၅၄ ဒသမ ၆၉ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြု မူလတန်း) တတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင်စုစုပေါင်း ၅၅၁၃၆ ပါးအနက် ၃၉၃၇၃ ပါး ဖြေဆိုကြပြီး ၇၁ ဒသမ ၄၁ ရာခိုင်နှုန်း ဖြေဆိုကြ ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညိုခြင်း

ရန်ကုန် ဇူလိုင် ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနများသို့ သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များ အား ဖူးမြော်ကြည်ညိုသည်။ **(ယာဝုံ)**

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့နယ် မြို့မကျောင်းလမ်း၊ မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ပါဠိပထမပြန် စာမေးပွဲစာဖြေဌာန၊ ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်း၍ စာဖြေသံဃာတော်များ ဖြေဆိုမှုကို ကြည့်ရှုကြည်ညိုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် အဘိဓမ္မာရတနာဃရ သာသနာ့ဘုဇိမာန်တော်ကြီး၌ ကျင်းပသော အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲစာဖြေဌာနကို သွားရောက်ပြီး ကြည့်ရှုကြည်ညိုကြောင်း ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆရာတော်များထံ နဝကမ္မဝတ္ထုဒွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စာမေးပွဲဖြေဆိုကြသည့် စာဖြေသံဃာတော်များ ဖြေဆိုမှုကို ကြည့်ညိုခဲ့သည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးကြည်မင်း ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများ ပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

မန္တလေး ဇူလိုင် ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းသည် ယနေ့နံနက်ပိုင်းတွင် ကမ္ဘာ့အထိမ်းအမှတ်အဆောက်အအုံများ ရန်ပုံငွေနှင့် အမေရိကန်အစိုးရ သံအမတ်ကြီးများ ရန်ပုံငွေဖြင့် ကူညီဆောင်ရွက်လျက်ရှိသော မန္တလေးမြို့ရှိ သီပေါမင်းကောင်းမှ သစ်သားဘုန်းတော်ကြီးကျောင်းဖြစ်သည့် ရွှေနန်းတော်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများက ရွှေနန်းတော်ကျောင်း သမိုင်းကြောင်း၊ ယခင် ပြုပြင်ထိန်းသိမ်းခဲ့မှုနှင့် ယခု ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရှေ့ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ရေရှည်တည်တံ့ကြံ့ခိုင်အောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း လမ်း ၇၀ နှင့် ၇၁ လမ်းကြား နန်းဦးတိုက်ရှိ ကုန်းဘောင်ခေတ်နှောင်းပိုင်း လက်ရာ သစ်သားဘုန်းတော်ကြီး ကျောင်းဖြစ်သော စားတော်ဝန်မင်း ကျောင်းအား ပြည်ထောင်စုရန်ပုံငွေ ဖြင့် ပြုပြင်ထိန်းသိမ်းနေမှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား အဆောက်အအုံ၏ မူလလက်ရာများ ရေရှည်တည်တံ့ကြံ့ခိုင်အောင် ဆောင်ရွက်ရန်မှာကြားခဲ့ပြီး နန်းဦးကျောင်း တိုက် ဇောတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သဘာဝရေပြင်နှင့် ဒူးယားအင်းအတွင်း ငါးမျိုးများစိုက်ထည့်

ဟသံတာ ဇူလိုင် ၁၇

ဟသံတာခရိုင် ဟသံတာမြို့နယ် အတွင်းရှိ သဘာဝရေပြင်နှင့် ဒူးယားအင်းအတွင်းသို့ ဇူလိုင် ၁၇ ရက်က ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးသားပေါက်များ မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးစောအောင်ရဲထွန်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် လွတ်တော်ရုံးအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဟသံတာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်၊ ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ကြေးတိုင်ရ ဒူးယားအင်းအတွင်းသို့ လည်း ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၄၈၂၀၀၊ မြက်စားငါးကြင်းကောင်ရေ ၁၀၀၀၀၊ ငါးခေါင်းပွသားပေါက်ကောင်ရေ ၁၀၀၀၀တို့ကိုလည်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျော်ဖိုးမှ*

ထိုသို့လှုဒါန်းရာ မြဝတီမြို့ အထက(၁)ကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအထောက်အကူပြုပစ္စည်းများကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က သွားရောက်လှုဒါန်းခဲ့ပြီး မြဝတီမြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် အထက(၁) ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

မန်းသန်းရွှေမြင့်
(ပြန်/ဆက်)



အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ

ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ။ ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ။ ကိုယ့်အမျိုး ကိုယ်ချစ်ပါ။ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ဂွစာတွေ၊ လူမတရားတွေ၊ ဒီလိုကမ္ဘာမှာ အထင်ခံရအောင် မလုပ်ပါနဲ့။ ဗမာတွေဟာ ဒီလို မဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဒုတိယပတ် ဗိုလ်သင်တန်းဆင်းပွဲမိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စု အစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦးကျော်လင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်၊ Myanmar Developer Associations ၊ မြန်မာ့ဆေးလိပ်နှင့် ဆေးရွက်ကြီးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းတို့မှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

ဒုတိယဝန်ကြီး ဦးမြင့်ကြိုင် ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားများ ဆောင်ရွက်ထုတ်ပေးမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇူလိုင် ၁၇

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအား အရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်းတို့သည် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၌ ရပ်ကွက်ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ဝန်ထမ်းများက အချက်အလက်များ ကောက်ယူဖြည့်သွင်းဆောင်ရွက်ခြင်း လုပ်ငန်းအား ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ပြည်သူတစ်ဦးချင်းထံ ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်ပြည်သူတစ်ဦးချင်းထံ အသီးသီးပေးအပ်ကြသည်။ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စဉ်ဆက်မပြတ် ဆောင်ရွက်ထုတ်ပေးလျက်ရှိရာ အဆိုပါ ဆောင်ရွက်မှုတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၃၀၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့်လဲလှယ်သူ ၂၀၊ ပျောက်ဆုံး/ ပျက်စီးသဖြင့် မိတ္တူလျှောက်ထားသူ သုံးဦး၊ စုစုပေါင်း ရပ်ကွက်နေပြည်သူ ၅၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရွှေပြည်သာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၌ ဝန်ထမ်းများက အလုပ်သမားမှတ်ပုံတင် လက်မှတ် လာရောက်လျှောက်ထားသူများအား အချက်အလက်များ မေးမြန်းဖြည့်သွင်းဆောင်ရွက်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါ ဆောင်ရွက်မှုတွင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၅၂၂ ဦး စုစုပေါင်း ၆၃၀ အား အလုပ်သမားမှတ်ပုံတင် လက်မှတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အဦများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူနှင့် ဦးဝင်းမောင်တို့နှင့်အတူ လှိုင်သာယာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၌ အလုပ်သမားမှတ်ပုံတင်လက်မှတ် လာရောက်လျှောက်ထားသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဝန်ထမ်းများက ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်၍ ဒေသခံပြည်သူ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၄၈၅ ဦး စုစုပေါင်း ၅၂၃ ဦးအား အလုပ်သမားမှတ်ပုံတင် လက်မှတ်များ နေ့ချင်းပြီးဆောင်ရွက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အဦကို လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ ခရိုင်ဆေးရုံနှင့် တိုင်းရင်းဆေးခန်းတို့၌ အကျိုးဝင်လုပ်သားများအား ကျန်းမာရေးစောင့်ရှောက် ဆေးကုသပေးနေမှုများကို လည်းကောင်း၊ အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်းနှင့် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ရုံးအဆောက်အဦများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လှိုင်သာယာ (အရှေ့)မြို့နယ် ဦးစီးမှူးရုံး၌ (အရှေ့)နှင့် (အနောက်) မြို့နယ်ရှိ ဒေသခံပြည်သူများအား ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူများထံ တစ်ဦးချင်း ပေးအပ်ကြကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ဆောင်ရွက်မှုတွင် လှိုင်သာယာ (အရှေ့) မြို့နယ် အမှတ်(၅)ရပ်ကွက်၌ အသက် ၁၈ နှစ် ပြည့်ပြီးသူ ၁၀ ဦး၊ အသက် ၁၀ နှစ်မှ ၁၈ နှစ်ပြည့်လဲလှယ်သူ သုံးဦး၊ ပျောက်ဆုံး / ပျက်စီးသဖြင့် မိတ္တူလျှောက်ထားသူ လေးဦး၊ စုစုပေါင်း ၁၇ ဦးကို လည်းကောင်း၊ (အနောက်) မြို့နယ် (၁၆)ရပ်ကွက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၇၇ ဦးကို လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

သတ်မှတ်ကြေညာပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိရေးအတွက် ၂၀၁၉ ခုနှစ်မှစတင်၍ မဲဆန္ဒရှင် စာရင်းပြုစုခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပထမအကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်းကို ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၇ ရက်အထိ ၁၄ ရက် ကပ်ထားကြေညာပေးမည် ဖြစ်ပါကြောင်း၊ မဲစာရင်းကပ်ထားချိန်တွင် မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှု၍ မိမိအမည် မပါရှိက ပုံစံ (၃)ဖြင့် ထည့်ပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သည့် အမည်များ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်းနှင့် မဲစာရင်းတွင် ပါဝင်သည့်အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်ပေးရန် တောင်းဆိုနိုင်ပါကြောင်း၊ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ ရွေးကောက်ပွဲ၌ မဲပေးနိုင်မည်ကို ပြည်သူများသိစေချင်ပါကြောင်း၊ မဲစာရင်းကပ်ထား ကြေညာချိန်တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သွားရောက်ကြည့်ရှုကြရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မဲဆန္ဒရှင်များကို အသိပညာပေးကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာပြီး တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်းများကို ဖြည့်စွက်ပြင်ဆင်ဆောင်ရွက်ပြီးနောက် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာလအတွင်းတွင် ၁၄ ရက်ထပ်မံကပ်ထား ကြေညာမည်ဖြစ်ကြောင်း။

ဒုတိယအကြိမ် ကပ်ထားကြေညာချိန်တွင်လည်း တောင်းဆိုချက်၊ ပြင်ဆင်ချက်များကို ဆောင်ရွက်နိုင်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ INGO ၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၄၀၀၀၀ ကျော် လျာထားသတ်မှတ်ထားပါကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလနှင့် ရွေးကောက်ပွဲ ကျင်းပစဉ်ကာလများတွင် ပဋ္ဌိပက္ခများ၊ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အတူ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး မဲရုံလုံခြုံရေးအတွက် အထူးရဲများခန့်အပ်တာဝန်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

" ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၇ ရက်အထိ ၁၄ ရက် ကပ်ထားကြေညာပေးမည်၊ မဲစာရင်းကပ်ထားချိန်တွင် မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှု၍ မိမိအမည်မပါရှိက ပုံစံ(၃)ဖြင့် ထည့်ပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သည့်အမည်များ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းနှင့် မဲစာရင်းတွင် ပါဝင်သည့်အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်ပေးရန် တောင်းဆိုနိုင် "

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆိုရှယ်မီဒီယာအပေါ်ကသတင်းအမှားများ၊ အမုန်းစကားများ ဖြန့်ဝေမှုများကို တားဆီးကာကွယ်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှန်ထုတ်ပြန်ခြင်းကို ကော်မရှင်ရုံးတွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ လေ့လာခွင့်လျှောက်ထားနိုင်ကြောင်းကို ကြေညာပေးခဲ့ပြီး ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅) ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူး ချုပ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တင်ပြဆွေးနွေးခဲ့ကြပြီး ကော်မရှင်က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဆီဆိုင်မြို့နယ် နောင်ထော်-ပွန်ချောင်း ကတ္တရာလမ်းထပ်ပိုးလွှာခင်း လမ်းဖွင့်ပွဲကျင်းပ

ဆီဆိုင် ဇူလိုင် ၁၇

ဒေသခံပြည်သူများ ရာသီမရွေးလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တောင်ရှေ့ကျေးရွာအုပ်စုနောင်ထော်ကျေးရွာ နောင်ထော်-ပွန်ချောင်း ၃ မိုင် ၂ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်း လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါလမ်းမှခ်ဦးနေရာ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဆီဆိုင်မြို့နယ် နောင်ထော်-ပွန်ချောင်း ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

လမ်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများက သက်ဆိုင်ရာဌာနများအလိုက် ရည်ရွယ်ချက်၊ ရည်မှန်းချက်လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်လည်း နှစ်တို/ နှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း၌ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၇၂၇ ဒသမ ၂၈၆ သန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်လည်း ရန်ပုံငွေကျပ် ၉၅၄ ဒသမ ၆၆၃ သန်း အဆိုပြုတင်ပြထားရှိပြီး ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ဆီဆိုင်မြို့နယ် နောင်ထော်-ပွန်ချောင်း ၃ မိုင် ၂ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းလမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရန်ပုံငွေခေါင်းစဉ်ဖြင့် ယခင်က ဆောင်ရွက်ပေးခဲ့ဖူးခြင်းမရှိဘဲ နှစ်စဉ်စီမံကိန်းလုပ်ငန်းအဖြစ် လျာထားတင်ပြကာ အတည်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှသာ သီးခြားခေါင်းစဉ်တစ်ရပ်အနေဖြင့် ပထမဦးဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဒေသအတွက် အမှန်တကယ်လိုအပ်လျက်ရှိသည့် လုပ်ငန်းကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် များစွာကြည်နူးပီတိ ဖြစ်ရပါကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဒုဥက္ကဋ္ဌ၊ ပအိုဝ်းဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ(PPDC)ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက အမှာစကား ပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)ဒုဥက္ကဋ္ဌ၊ ပအိုဝ်းဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ(PPDC) ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကတ္တရာထပ်ပိုးလွှာ လမ်းပိုင်းအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါ နောင်ထော်-ပွန်ချောင်း ၃ မိုင် ၂ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ယင်းလမ်းပေါ်ရှိ ၁၀ ပေ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးရန်ပုံငွေ ကျပ် ၃၂၂ ဒသမ ၄၁၃ သန်းဖြင့် ဓနုမင်းသားကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နောင်ထော်ကျေးရွာအုပ်စုနှင့် ကဗူးကြီးကျေးရွာအုပ်စုတို့မှ အိမ်ခြေ ၁၆၇၃ အိမ်၊ လူဦးရေ ၇၆၈၁ ဦးတို့အား အကျိုးပြုသည့်လမ်းဖြစ်ကြောင်း သိရသည်။

နောင်ထော်-ပွန်ချောင်း လမ်းပိုင်းသည် မောက်မယ်မြို့နယ် ကဗူးကြီးကျေးရွာအုပ်စုသို့ အဓိက ဆက်သွယ်သည့် လမ်းပိုင်းဖြစ်ပြီး ထိုမှတစ်ဆင့် လင်းခင်း-ဝမ်စလောင်း-တာဆွတ်တိန်း-ဟိုမိန်း လမ်းမကြီးအား ဆက်သွယ်ပေါက်ရောက်သည့်လမ်းဖြစ်ကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အကျဉ်းထောင် အလုပ်စခန်းများ၊ အချုပ်ထောင်၊ အချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၁၅ ရက်တွင် ရမည်းသင်း-အကျဉ်းထောင်၊ ရမည်းသင်းမြို့ပေါ်ရှိ တရားရုံး၊ ဆေးရုံ၊ ရဲစခန်းအချုပ်ခန်းများကို လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ကင်းသာ(၁၊ ၂) ကုန်ထုတ်စခန်းများကို လည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် ပျဉ်းမနားမြို့မရဲစခန်း၊ အချုပ်ခန်း၊ နေပြည်တော် အချုပ်ထောင်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အချုပ်ထောင်၊ ကုန်ထုတ်စခန်းများအတွင်းရှိ အကျဉ်းသား / အကျဉ်းသူ အိပ်ဆောင်များ၊ ရိုက္ခာဂိုဒေါင်တွင် ပစ္စည်းများ ထားရှိမှု၊ တိုက်ခန်းများ၊ ဆေးရုံ ဆောင်များနှင့် စားဖိုကြီး၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ၊ ထောင်ဝင်စာ အခန်းများနှင့် လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လုပ်ဆောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေး ဖောက်ဖျက်မှုခံရခြင်း ရှိ၊ မရှိ၊ ထောင်ဝင်စာ တွေ့ဆုံရာတွင် အခက်အခဲများ ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိ၊ ကုန်ထုတ်စခန်းများတွင် အလုပ်ချိန်အတိုင်း ခိုင်းစေမှု၊ နေထိုင်စားသောက်ရေး အခြေအနေများ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများရရှိမှု ရှိ၊ မရှိတို့ နှင့်စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့ကြသည်။

ရဲစခန်း၊ တရားရုံး အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများကို တွေ့ဆုံ၍ အခက်အခဲများ မေးမြန်းခြင်း၊ ရမည်းသင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော အကျဉ်းသား၊ အကျဉ်းသူတို့ကို တွေ့ဆုံ၍ အခက်အခဲများမေးမြန်း၍ လိုအပ်သည် များကို ဆေးရုံအုပ်ကြီး၊ ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ကြည့်ရှုစစ်ဆေးချိန်တွင်လည်း ချက်ချင်းပြုပြင်ရန် ရှိသည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့သာလျှင် အဓိက

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲ့အောင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲ့အောင်သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)သို့လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့လည်းကောင်း ရောက်ရှိပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များ၏ ပင်မစာသင်ဆောင်နှင့် အစည်းအဝေးခန်းမများတွင် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကျောင်းအလိုက် ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး တို့က ကိုဗစ်-၁၉ ကာလအတွင်း တက္ကသိုလ်နှင့်ကောလိပ်များ ပိတ်ထားစဉ် ကျောင်းတွင်းတည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်မွမ်းမံမှုများ၊ သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်သည့်အချိန်တွင် ကိုဗစ်-၁၉ အခြေအနေနှင့် အချိန်အခါများအပေါ် မူတည်၍ New Normal ပုံစံဖြင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက် A Plan, B Plan, C Plan များ ရေးဆွဲလေ့ကျင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁۹ ကာလအတွင်း နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို စနစ်တကျ လိုက်နာဆောင်ရွက်ကြရန်၊ တက္ကသိုလ်နှင့် ကောလိပ်များ ပြန်လည် ဖွင့်လှစ်ခြင်းမပြုသေးသည့် ကာလအတွင်း ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့၏ ဘာသာရပ်များ၊ သင်ခန်းစာများကို ခေတ်မီသင်ကြားနည်းစနစ်များဖြင့် လည်းကောင်း၊ Online စနစ်များဖြင့် လည်းကောင်း သင်ကြားပို့ချနိုင်ရေး ဆည်းပူးလေ့လာသွားကြရန်၊ သင်ကြားနည်းစနစ်ဆိုင်ရာ သင်တန်းများကိုလည်း ထိထိရောက်ရောက် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ မိမိတို့ တက္ကသိုလ်နှင့် ကောလိပ်များ၏ ဥပမိရုပ် သာယာလှပစေရေး စီမံဆောင်ရွက်သွားကြရန်၊ ကိုဗစ်-၁۹ နှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် ဖြစ်နိုင်ခြေများကို ကျန်းမာရေးအသိ၊ ပညာရေး၊ လူမှုရေးရှုထောင့်များဖြင့် ကြိုတင်မျှော်တွေး စဉ်းစားသုံးသပ် ပြင်ဆင်ဆောင်ရွက်ထားကြရန်၊ တာဝန်သိ တာဝန်ယူ တာဝန်ခံမှုတို့ဖြင့် မိမိတို့၏ သင်ကြားရေး၊ စီမံရေး၊ လေ့ကျင့်ရေးတာဝန်များကို အကောင်းဆုံး ထမ်းဆောင်သွားကြရန် မှာကြားပြီး ဝန်ထမ်းများနှင့် ခွင့်မပြန် ကျောင်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ခြောက်ခန်းတွဲ သုံးထပ်ဆောင်အသစ် တည်ဆောက်ခြင်း၊ကျောင်းသားအိပ်ဆောင်၊ စားရိပ်သာ၊ နှစ်ထပ်အိပ်ဆောင် ၁၂ ဆောင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေးနှင့် သတ်မှတ်ချိန်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့များက စနစ်တကျ စစ်ဆေးကြပ်မတ်ရန်၊ သက်ဆိုင်ရာ ကုမ္ပဏီများကလည်း လုပ်ငန်းများကို စေတနာထား ဆောင်ရွက်သွားကြရန် မှာကြား၍ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် စာသင်ဆောင်များတွင် ကိုဗစ်-၁۹ ကာလနှင့် ကိုဗစ်-၁۹ အလွန်ကာလများတွင် New Normal ပုံစံဖြင့် ဆောင်ရွက်နိုင်ရေးအတွက် A Plan, B Plan, C Plan များနှင့်အညီ ဇာတ်တိုက်လေ့ကျင့်၊ ခင်းကျင်းစီမံဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်စည်းဝေး

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပခဲ့ပြီး အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်(မူကြမ်း) အား ရေးဆွဲခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် အဆိုပါ လုပ်ငန်းစီမံချက်(မူကြမ်း)ကို ဆွေးနွေးအတည်ပြုပေးရန် ဖြစ်ပါကြောင်း၊ အမျိုးသားမြေဥပဒေ(မူကြမ်း) ရေးဆွဲပြုစုခြင်းကို လုပ်ငန်းစီမံချက်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစီမံချက်(မူကြမ်း)ပါ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းရာတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ရန် ရေးဆွဲပြုစုထားသည့် လုပ်ငန်းအဖွဲ့ငယ်များ ဖွဲ့စည်းမှု (မူကြမ်း)ကိုလည်း ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များက လုပ်ငန်းစီမံချက်(မူကြမ်း)ကို ဆွေးနွေးအတည်ပြုခဲ့ကြပြီး အမျိုးသားမြေဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များကို လုပ်ငန်းစီမံချက်နှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ရာ၌ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်သွားနိုင်ရေး၊ အမျိုးသားမြေဥပဒေ(မူကြမ်း)၏ ကျေးရိုး/မာတိကာရရှိရေးနှင့် ဥပဒေ(မူကြမ်း)ရေးဆွဲပြုစုရေးအတွက် လုပ်ငန်းအဖွဲ့ငယ်များနှင့် အထောက်အကူပြု လုပ်ငန်းအဖွဲ့များက လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေးနှင့် အမျိုးသားမြေဥပဒေသည် အခြားမြေဆိုင်ရာ တည်ဆဲဥပဒေများနှင့် သဟဇာတဖြစ်ပြီး လိုအပ်ချက်များ လွှမ်းခြုံပါဝင်နိုင်ရေး တို့ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြား ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **သတင်းစဉ်**

***ကျောဖိုးမှ**

အီဘော်ရာက သွင်းယူပေးနိုင်ခဲ့သည်။ ဘင်ဇီမာသည် ယခုပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီ ရီးရဲမက်ဒရစ်အသင်းအတွက် လာလီဂါ ၂၁ ဂိုးမြောက်ကို သွင်းယူပေးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ပွဲအပြီးတွင် နည်းပြဇီဒန်းက သုံးနှစ်အတွင်း ရီးရဲမက်ဒရစ်အသင်းနှင့် ပထမဆုံးအကြိမ် လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းက ချန်ပီယံလီဂ်ဖလားရသည်ထက် ပိုပျော်ရွှင်စေခဲ့ကြောင်း ပြောကြားခဲ့သည်။ ဇီဒန်းသည် အဆိုပါ လာလီဂါဖလားကို ရီးရဲမက်ဒရစ်နည်းပြဘဝတွင် နှစ်ကြိမ်မြောက် ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ ၎င်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အဆိုပါဖလားကို ပထမဆုံး အကြိမ် ရရှိခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ၎င်း၏ ရီးရဲမက်ဒရစ်နည်းပြဘဝ ဒုတိယမြောက် လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းသည် စပိန်စူပါဖလား ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းကို အနိုင်ယူဆွတ်ခူးထားသည့်အတွက် ယခုနှစ်ရာသီတွင် ဖလားနှစ်လုံးလက်ဝယ်ပိုင်ဆိုင်ထားပြီဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ၂၀၁၉-၂၀၂၀ စပိန်လာလီဂါဖလားကို ပွဲစဉ်များပြီးဆုံးရန် တစ်ပွဲအလိုတွင် ရရှိ ခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် လာလီဂါ ၃၇ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၈၆ မှတ်ရရှိထားပြီး ၎င်း၏ မဟာပြိုင်ဘက် ဘာစီလိုနာအသင်းက ၇၉ မှတ်သာ ရရှိထားသည်။ ထို့အပြင် လာလီဂါပွဲစဉ် ၃၇ ပွဲ ကစားပြီးချိန်တွင် ချန်ပီယံအဖြစ် အဖြေထွက်ပေါ်လာခဲ့ပြီး တန်းဆင်းရမည့် အသင်းနှစ်သင်းလည်း ပေါ်ထွက်လာခဲ့သည်။ ၎င်းအသင်းနှစ်သင်းမှာ မာလေ့ကာနှင့် အက်စ်ပန်ညိုတို့ဖြစ်သည်။ ထို့အပြင် လာမည့်နှစ် ချန်ပီယံလီဂ်ဝင်ခွင့်ရရှိသည့် အသင်း များအနေဖြင့် ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ်နှင့် ဆီဗီလာအသင်းတို့က ရရှိထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ရာသီ လာလီဂါ ၃၇ ပွဲ ကစားပြီးချိန်တွင် ရဂိုး ၆၈ ဂိုးရရှိထားပြီး ပေးဂိုးက ၂၃ ဂိုးသာ ခွင့်ပြုထားရသေးသည့်အတွက် ခံစစ်အကောင်းဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ **အောင်ဇော်**

အာဇာနည်နေ့အမှတ်တရ

ရဲဘော်ကိုထွေး

(၁၉၂၉ – ၁၉၄၇)

ရဲဘော် ကိုထွေး (၁၉၂၉ – ၁၉၄၇)

မန္တလေးမြို့ တောင်ပြင်ရပ် ဗောဓိကုန်းတွင် ၁၉၂၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့၌ ဖွားသည်။ ပင်စင်စားအဖ စိုက်ပျိုးရေးဝန်ထောက်၊ ဗဟိုအမျိုးသား အထက်တန်းကျောင်း အငြိမ်းစား ဦးကိုကိုလေး – ဒေါ်မင်းရီ (ဂတ်မင်းရီ) တို့၏ ဆဌမမြောက် အထွေးဆုံးသား ဖြစ်သည်။ အဖ အစ္စလာမ်ဘာသာဝင်၊ အမိမှာ ပိုးကရင်၊ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ အမည်အရင်းမှာ ကိုကို ဖြစ်သည်။ အစ်ကို နှစ်ယောက်၊ အစ်မနှစ်ယောက်ရှိသည်။ လက်ဝှေ့ကျော် စောဘာဘာ၏ ညီဖြစ်သည်။ အမည်ရင်း ကိုကို။ အငယ်ဆုံးဖြစ်၍ ကိုထွေး ဟုတွင်သည်။

မန္တလေးမြို့ ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဆရာကြီး ဦးရာဇတ်သည် ဗိုလ်ချုပ် ဦးဆောင်သော ဘုရင်ခံအတိုင်ပင်ခံကောင်စီ၌ အမျိုးသားစီမံကိန်းနှင့် ပညာရေးဝန်ကြီး ခန့်အပ်ခံရရာ ရဲဘော်ကိုထွေးသည် ဆရာကြီး ဦးရာဇတ်၏ သက်တော်စောင့်တာဝန် ပေးခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ဝန်ကြီးများအစည်းအဝေးတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏ လက်ချက်ဖြင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်၌ ရန်ကုန်ဆေးရုံကြီး၌ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပါသည်။

> **“မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် နဝမတန်းအထိ ပညာသင်ကြားခဲ့၊ ၁၉၄۷ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဆရာကြီး ဦးရာဇတ်သည် ဗိုလ်ချုပ် ဦးဆောင်သော ဘုရင်ခံအတိုင်ပင်ခံကောင်စီ၌ အမျိုးသားစီမံကိန်းနှင့် ပညာရေးဝန်ကြီး ခန့်အပ်ခံရရာ ရဲဘော်ကိုထွေးသည် ဆရာကြီး ဦးရာဇတ်၏ သက်တော်စောင့်တာဝန် ပေးခံရ”**

ပြောလိုက်ပါဘိ ဟောပါဘိ

ငှါညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သက်လှယ်၊ မင့်သားငယ်သည်
သက်နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။

သူ့သုံးနှစ်သား၊ ဖော်ချင်းများနှင့်
အူယားဖားယား
ကစားရာမှ၊ နွားရုပ်ချ၍၊
နတ်ကျသည့်သွင်၊ မယ့်ရင်ခွင်သို့
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို
ငါမြင်ခဲ့၏ မှတ်မိ၏။

မိုးကစိုစို၊ ကျီးအုပ်ပြိုး၍
ထိုမှဤမှ၊ တို့လမ်းမတွင်
ပျံကြဝဲကြ၊ ငရဲထသို့
အုံကြွမည်အာ၊ မသာယာကို
ငါကြားခဲ့၏ မှတ်မိ၏။

ထို့နေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခသတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်
ရွာဦးပိုင်းမှ သချိုင်းထိ။

ငှါညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌
တိုင်းချစ်ပြည်ခင်၊ မြတ်စေချင်၏
မင်းမြင်ငါကြား၊ စကားဥဒါန်း
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ
ဆန်းမှာဆုံပေါင်း၊ ယောက်ျားကောင်းတို့
ခေါင်းဆောင်သဘော၊ မင့်သားချောကို
ပြောလိုက်ပါဘိ ဟောပါဘိ။ ။

ဇော်ဂျီ

အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်၊
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်၊
- ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆) ပေ အကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများ အလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်၊
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီ ဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားရှိ တစ်ကြိမ်လျှင် (၁၂) ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (COVID–19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရန်၊
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်၊
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်၊
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၅) မိနစ်ထက် ပိုမကြာစေရန်။

(၇၃)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအား ကြိုတင်အသိပေးအကြောင်းကြားခြင်း

(၇၃) နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်–

(က) လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

(ခ) အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရာလမ်းဖြစ်သော လင့်လမ်းနှင့် အနောက်ရွှေဂုံတိုင် လမ်းဆုံတို့တွင် COVID–19 ရောဂါကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရောဂါဖြစ်ပွားသူတွေ့ရှိပါက Contact Person ဆက်စပ်စုံစမ်းနိုင်ရေးအတွက် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ ပြည့်စုံမှန်ကန်စွာ စာရင်းပေးရမည်ဖြစ်ပါသည်။

(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ COVID–19 ရောဂါကာကွယ်ရေးအတွက် Social Distancing အရ သတ်မှတ်ထားသော (၆)ပေ အကွာအဝေးအတိုင်း အာဇာနည်ဗိမာန်အတွင်းသို့ တန်းစီဝင်ရောက်ရမည်ဖြစ်ပြီး အာဇာနည်ဗိမာန်ရင်ပြင်တွင်လည်း တစ်ကြိမ်လျှင် (၁၂)ဦးခန့်သာ ဂါရဝပြုခွင့်ပေးမည်ဖြစ်ပါသည်။

(ဃ) အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုမှုပြီးဆုံးပါက သတ်မှတ်ပေးထားသော လမ်းကြောင်းအတိုင်း အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပြီး သွားလာခွင့်မပြုထားသည့် နေရာများအား သွားရောက်ခွင့်ပြုမည် မဟုတ်ပါ။

(c) အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီးပါက အာဇာနည်လမ်းအတိုင်း ရွှေတိုဂုံဘုရား အရှေ့ဘက်မုခ်နှင့် ရွှေတိုဂုံဘုရားတောင်ဘက်မုခ်ဘက်သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

(စ) အများပြည်သူလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့များမှ စစ်ဆေးခြင်းကို ကြည်ဖြူစွာ ခံယူပြီး မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးပရဟိတအဖွဲ့များ၏ လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

(၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး
စည်းကမ်းထိန်းသိမ်းရေးကော်မတီ

❖ *ရှေ့ဖုံးမှ*

သို့ဖြစ်ပါ၍ COVID–19 ကြောင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများ လျော့နည်းစေရန် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၂၀၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်အား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က အဆိုပါ အမိန့်ကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၀၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့် ယင်းအမိန့်ပါ အာဏာတည်ရမည့် အချိန်ကာလကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပဲခူး–ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပဲခူး–ကျိုက်ထို အမြန်လမ်းမကြီး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများနှင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပဲခူး–သန်လျင်လမ်း၊ ရန်ကုန်မြို့အပြင် မြို့ပတ်လမ်း၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတို့နှင့် ဆက်စပ်၍ ၎င်းမှ တစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဆက်သွယ်ချိတ်ဆက်သွားလာနိုင်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းမှ ဝယ်ယူသုံးစွဲမည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသားအင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည် ဖြစ်ပါကြောင်း။

COVID–19 Economic Relief Plan (CERP) ၏ Goal 2 တွင်ပါရှိသော မဟာဗျူဟာ 2.3.3 အရ နိုင်ငံအတွက် အကျိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အတိုးနှုန်းသက်သာသော ဖွံ့ဖြိုးရေးချေးငွေဖြင့် ဆောင်ရွက်သွားရန် အစီအစဉ်တွင် ပဲခူး–ကျိုက်ထို အမြန်လမ်းစီမံကိန်းအား လျာထားထည့်သွင်းထားပါကြောင်း၊ ထို့ပြင် CERP Goal 3 ၏ ရည်ရွယ်ချက်ဖြစ်သော နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် COVID အလွန်ကာလ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအား များစွာလွှမ်းခြုံ အထောက်အကူဖြစ်စေမည့် စီမံကိန်းလည်း ဖြစ်ပါကြောင်း။

ယခုချေးငွေ ရယူဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ ပဲခူး–ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းတွင်လည်း တည်ဆောက်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများခေါ်ယူပြီးသည့်အခါ စီမံကိန်းတန်ဖိုးအနေဖြင့် ယခင် ADB ချေးငွေဖြင့် ဆောင်ရွက်ခဲ့သော စီမံကိန်းများနည်းတူ စီမံကိန်းတန်ဖိုး လျှော့ချနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည့် နိုင်ငံတကာအဆင့်မီ ပဲခူး–ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သည့် အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းအား အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးယူမည့်ကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဤချေးငွေစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံအဆောက်အဦးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့နှင့်လည်း ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၇ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ပဲခူး–ကျိုက်ထို လမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် JICA ထံမှ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

ယင်းနောက် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

COVID – 19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ဆက်လက်၍ COVID – 19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID – 19 Economic Relief Plan – CERP) နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက COVID–19 ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်သက်သာရေးစီမံချက် (COVID–19 Economic Relief Plan–CERP) နှင့် စပ်လျဉ်း၍ ပန်းတိုင် ၇ ခု၊ မဟာဗျူဟာ ၁၀ ခု ဆောင်ရွက်ရမည့် စီမံချက် ၃၆ ခု အရေးယူဆောင်ရွက်မှု ၇၆ ချက်များဖြင့် ဖော်ပြထားသည့် အစိုးရ၏ စီးပွားရေးကုစားမှုအစီအစဉ်တွင် ရောင်းလိုအား ပြန်လည်လည်ပတ်စေရန် ဆောင်ရွက်ချက်များ၊ ဝယ်လိုအားများဖြစ်သည့် အိမ်ထောင်စုများ၊ အလုပ်သမားများအတွက် စီးပွားရေးအရကုစားပေးသည့် စီမံချက်များ ပါရှိသည်ကို တွေ့ရပါကြောင်း။

ရေတိုစီမံချက်ဖြစ်၍ နှစ်ပေါင်းများစွာ မြင့်မားနေသည့် ဘဏ်အတိုးနှုန်းများကိုလည်း လပိုင်းအတွင်း လျှော့ချခြင်းများ၊ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများကို အတိုးနှုန်းလျှော့ပေးပြီး ချေးယူနိုင်သည့် အစီအမံများ၊ ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာ့စီးပွားရေးလုပ်ငန်းများကို အသစ်ထုတ်ချေးပေးသည့် ဘဏ်ချေးငွေကို အစိုးရက ၅၀ ရာခိုင်နှုန်း အာမခံပေးခြင်းများ၊ ကူးသန်းရောင်းဝယ်ရေးဘဏ်အချို့ကို ငွေကြေးထောက်ပံ့ရန် ရန်ပုံငွေထူထောင်ခြင်းများ ပါရှိသကဲ့သို့ ပို့ကုန်များအပေါ် ပေးရသည့် ၂ ရာခိုင်နှုန်း အခွန်ကို လျှော့ပေါ့ခြင်းများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများကို အကောက်ခွန်နှင့် ကုန်သွယ်ခွန်များ လျှော့ပေးခြင်းများ ပါဝင်ပြီး စီးပွားရေးလုပ်ငန်းများကို ငွေလည်ပတ်စေရန် ရည်ရွယ်ထားသည့်အတွက် ဈေးကွက်ထဲတွင် အထိုက်အလျောက် ငွေကြေးစီးဆင်းမှုကို ပြန်လည်တွေ့ရနိုင်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး သူရိန်ဇော်က ယခုတင်ပြသည့် CERP သည် ရေတိုကုစားမှုသာဖြစ်ပါကြောင်း၊ ကာလလတ်နှင့် ကာလရှည်အတွက် COVID–19 Impact Assessment အပေါ် အခြေခံပြီး နိုင်ငံတကာဖြစ်စဉ်များကို သုံးသပ်၍ မိမိတို့နိုင်ငံအတွက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း ဖြင့် ဆောင်ရွက်၍မရဘဲ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူတို့အားလုံး တစ်ပေါင်းတစ်စည်းတည်း လက်တွဲညီညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမှသာ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ပြီး ရောဂါဆိုးကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက CERP ၏ စီမံချက်အရ လုပ်ဆောင်မှုရလဒ်များကို စောင့်ကြည့်ခြင်းအပိုင်းတွင် တာဝန်ရှိအဖွဲ့အစည်းများက စောင့်ကြည့်ခြင်းအစား လုပ်ငန်းကော်မတီက တာဝန်ယူစောင့်ကြည့်သင့်ပါကြောင်း၊ ဖြစ်နိုင်ပါက နိုင်ငံတော်၏ အထွတ်အထိပ်တွင်ရှိသည့် အုပ်ချုပ်ရေးအကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတကိုယ်တိုင် စီမံချက်တစ်ခုလုံးကို ဦးဆောင်ပြီး လမ်းညွှန်ကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကြံပြုဆွေးနွေးလိုပါကြောင်း၊ CERP သည် ရေတိုစီမံချက်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)နှင့် ချိတ်ဆက်ထားခြင်း မရှိသေးသည့်အတွက် မျှော်မှန်းချက်များ လွဲချော်သွားနိုင်ပါကြောင်း၊ ထို့ကြောင့် ပေါင်းစပ်ချိတ်ဆက်ရေးကို မြန်မာပြည်သူများ၏ လက်ရှိ ပကတိလူနေမှုအခြေအနေဘဝနှင့် ကမ္ဘာ့အခြေအနေတို့ကို တွက်ဆပြီး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းစီမံချက်နှင့် စပ်လျဉ်း၍ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး စောကြည်နိုင်၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းသန့်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသား လွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၂ ခုနှစ်၊ လ ရက်
(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁۹۵۹ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ(၁)အား အောက်ပါအတိုင်း အစားထိုးရမည် –

"(၁) ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်းသည့်အတိုင်းမှတစ်ပါး ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား သုံးနှစ်ကုန်ဆုံးသည့်အခါ ပြစ်မှုတစ်ခုခုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။ ယင်းသုံးနှစ် တာကာလကို အောက်ပါအတိုင်း စတင်ရေတွက်ရမည် –

(က) ပြစ်မှုစတင်ကျူးလွန်သည့်နေ့ရက် (သို့မဟုတ်)၊

(ခ) ပြစ်မှုကျူးလွန်မှုကို ယင်းပြစ်မှုကြောင့်နစ်နာသူ သို့မဟုတ် စတင်အရေးယူနိုင်သော အခွင့်ရအာဏာပိုင်မသိရှိခဲ့သည့်အခါ ထိုနစ်နာသူ သို့မဟုတ် အခွင့်ရအာဏာပိုင်က ပြစ်မှုကျူးလွန်ကြောင်း စတင်သိရှိသည့် နေ့ရက်များအနက်မှ အစောဆုံးနေ့ရက် (သို့မဟုတ်)၊

(ဂ) ပြစ်မှုကျူးလွန်သူ မည်သူဖြစ်ကြောင်းကို မသိရှိခဲ့သည့်အခါ ယင်းပြစ်မှုကြောင့် နစ်နာသူ သို့မဟုတ် စတင်အရေးယူနိုင်သော အခွင့်ရအာဏာပိုင်က မည်သူပြစ်မှုကျူးလွန်ကြောင်း စတင်သိရှိသည့် နေ့ရက်များအနက်မှ အစောဆုံးနေ့ရက်။"

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO တို့ပူးပေါင်း၍ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) လည်ပတ်အကောင်အထည်ဖော်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li နှင့် (ILO)ရန်ကုန်ရုံးမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

ဦးစားပေးလုပ်ငန်းစဉ် (၃) ရပ် ချမှတ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဓမ္မခိုင်းစေမှုပယောက်ရေးကို ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆယ်စုနှစ် နှစ်ခုနီးပါး ILO အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်စက်တင်ဘာလတွင် Decent Work Country Programme–DWCP (2018–2021) ကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များနှင့် ILO တို့ လက်မှတ်ရေးထိုးကာ DWCP ဦးစားပေးလုပ်ငန်းစဉ် (၃) ရပ် ချမှတ်ခဲ့ပြီး လုပ်ငန်းစဉ် (၂) အရ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

DWCPပါလုပ်ငန်းစဉ်အရ အဓမ္မခိုင်းစေမှုပယောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၉–၂၀၂၁)ရေးဆွဲပြီး အဓမ္မခိုင်းစေမှုပယောက်ရေးကို အမျိုးသားအဆင့် တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ထူထောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ရာတွင် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်၌ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ပါကြောင်း။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ – ၂၂ ရက်နေ့များတွင် ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲ၌ အလုပ်သမားကိုယ်စားလှယ်များက အမျိုးသားကော်မတီတွင် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်လိုကြောင်း အဆိုပြုခဲ့ပြီး ILO ဒုတိယ ညွှန်ကြားရေးမှူးချုပ်ကပါ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းခြင်းဖြင့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား ပုံရိပ်ကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း အကြံပြုခဲ့သည့်အတွက် မိတ်ဖက်များနှင့် ILO ၏ အကြံပြုချက်ကို အလေးထားသောအားဖြင့် အမျိုးသားကော်မတီတွင် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်ရေး နိုင်ငံတော်သမ္မတရုံးထံ တင်ပြခွင့်ပြုချက်ရယူပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အဆိုပါ ကော်မတီတွင် မိတ်ဖက်များ ဖြစ်သည့် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် သီးခြားလွတ်လပ်သောအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်ပါ ထည့်သွင်းဖွဲ့စည်းထားသည့်အတွက် ထူးခြားသည့် ကော်မတီ ဖြစ်ပါကြောင်း။

တိုင်ကြားမှုယန္တရားကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်လည်ပတ်ခဲ့ပြီး တိုင်ကြားလိုသူများအနေဖြင့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားရုံးအဖွဲ့သို့ တိုက်ရိုက်တိုင်ကြားနိုင်သကဲ့သို့ ILO အပါအဝင် လွှတ်တော်၊ နိုင်ငံတော်သမ္မတရုံး၊ အဖွဲ့အစည်းများမှတစ်ဆင့် တိုင်ကြားနိုင်ကြောင်းကို အများပြည်သူသိရှိနိုင်ရန် မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ FM ရေဒီယိုများနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်က စတင်အသိပေးကြေညာခဲ့ပါကြောင်း။

အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားကော်မတီအဖွဲ့ဝင်များအတွက် ILO ၏ အကူအညီဖြင့် Orientation Session ကို ဖေဖော်ဝါရီ ၂၇ ရက်၌ နေပြည်တော်တွင် ကျင်းပခဲ့ပြီး ကော်မတီဝင်များအနေဖြင့် အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ အဓိကကျသည့် အချက်များကို သေချာစွာသိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ရှင်းလင်းဆွေးနွေးသွားမည်

ယနေ့ညှိနှိုင်းအစည်းအဝေးတွင် အဓမ္မခိုင်းစေမှုပယောက်ရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်မှုများကို ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

NCM ထူထောင်ဆဲကြားကာလ ယန္တရားမှာ SU ယန္တရားအရ ပိတ်သိမ်းရန် ကြန့်ကြာနေသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ၃၇၈ မှုကို ပိတ်သိမ်းနိုင်ရေးဆောင်ရွက်ရန် ကာကွယ်ရေးဝန်ကြီးဌာန၊ မိမိတို့ဝန်ကြီးဌာနနှင့် ILO တို့ ညှိနှိုင်းအစည်းအဝေး သုံးကြိမ် ကျင်းပပြီး ၂၁၇ မှု ပိတ်သိမ်းနိုင်ခဲ့ကာ ကျန် ၁၆၁ မှုကို အမြန်ဆုံးပိတ်သိမ်းနိုင်ရေး ILO ကို အလေးထားဆောင်ရွက်ပေးပါရန် ပြောကြားလိုပါကြောင်း။

ILO က SU ယန္တရားအရ လက်ခံထားပြီး SU ကာလပြီးဆုံးချိန်မှ ပေးပို့ခဲ့သည့် ၂၇၇ မှုကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖြေရှင်းကာ ပြန်ကြားချက်များ ပေးပို့ခဲ့သည့်အပေါ် ILO က ပိတ်သိမ်းပေးခဲ့သည့် အမှုများရှိသကဲ့သို့ ပိတ်သိမ်းရန် ကျန်သည့်အမှုများပါ အမြန်ဆုံးပိတ်သိမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကာကွယ်ရေးက ဖြေရှင်းရန်ကျန်သည့်အမှုများကို အမြန်ဆုံးဖြေရှင်းပြန်ကြားပေးရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အဓမ္မခိုင်းစေမှုပယောက်ရေးသည် နိုင်ငံတော်၏အန္တိမရည်မှန်းချက်ဖြစ်ပြီး ဌာန၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် အဆိုပါရည်မှန်းချက်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်မဖြစ်နိုင်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ အမျိုးသားရေးခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ အတွင်းရေးမှူး၊ အလုပ်သမားရေးရာဆိုင်ရာ၊ အမြဲတမ်းအတွင်းဝန်က အဓမ္မ ခိုင်းစေမှုပယောက်ရေးလုပ်ငန်းစီမံချက်(၂၀၁၉–၂၀၂၁)ကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ NCM က စံသတ်မှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် NCM သို့ တိုင်ကြားလာသည့်အမှုများ ဖြေရှင်းဆောင်ရွက်မှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြရာ တက်ရောက်လာကြသည့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားရာတွင် ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များ မွေးထုတ်ခြင်းဖြင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကာ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရေးနှင့် ကိုဗစ်–၁၉ ရောဂါထိန်းချုပ် ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များ အထူး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် ပညာရေးမှူး ဦးဘီကူးဒုက ၂၀၂၀–၂၀၂၁ ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ချင်းပြည်နယ်အတွင်း ဖွင့်လှစ်မည့် အခြေခံပညာကျောင်းများနှင့် ပတ်သက်၍ ကျောင်းတက်ချိန်များ စီစဉ်ထားရှိမှုအခြေအနေတို့ကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များအား ပြည့်စုံစွာ ဆောင်ရွက်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များအားလည်းကောင်း ရှင်းလင်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီးနောက် ဟားခါးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ပညာသည်သာ ရတနာ" သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဗိုလ်ချုပ်၏သတ္တိထဲမှ ဖြစ်တည်နေသော နိုင်ငံရေးသြဇာတိက္ကမ

ဟံသာဝတီ - ဦးအုန်းကြိုင်

ဖေဖော်ဝါရီလကုန်ရက် နေသာသောနေ့တစ်နေ့ ရန်ကုန်မြို့ ကုက္ကိုင်းကမ္မောဇနန်းတော်ရှိ အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ ရိုက်ကွင်းသို့ ရောက်သွားခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ထုပ္ပါတ်ဖြစ်စဉ်မော်ကွန်းရုပ်ရှင်

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးတိုက်ပွဲဝင် သမိုင်းမော်ကွန်းတင် ဖြစ်စဉ်ထုပ္ပါတ်အကြောင်းရပ်များကို ရိုက်ကူးနေခြင်းဖြစ်သည်။ ဒါရိုက်တာ ကိုလူမင်းဖိတ်ကြားသဖြင့် ကျွန်တော်ရောက်သွားခြင်းဖြစ်သည်။

သမိုင်းဝင်ရိုက်ကွင်းများနှင့် ပတ်သက်၍

ဇာတ်သွှန်းပါ သမိုင်းဝင်နေရာဒေသများ၊ အဆောက်အဦများ၏ နောက်ခံသမိုင်းကြောင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဇာတ်ကောင်များ၏ အကြောင်းအရာ ဟန်ပန်အမူအရာ စရိုက်လက္ခဏာများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒါရိုက်တာ ကိုလူမင်းက အတော်စပ်စပ်စုစု မေးမြန်းတတ်ပါသည်။ ကျွန်တော်ကလည်း မှတ်မိသိရှိသလောက် ပြောဆိုရှင်းပြရပါသည်။

ဗိုလ်ချုပ်အတ္ထုပ္ပတ္တိ ပြည့်ပြည့်စုံစုံမရှိပါ

ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ၇၃ နှစ်သာ ရှိလင့်ကစား ဗိုလ်ချုပ်တို့နှင့် ပတ်သက်ဆက်စပ်သော အကြောင်းအချက် အထောက်အထားများမှာ အားကိုးအားထား ပြုနိုင်လောက်အောင် တိကျခိုင်မာ ကျွန်တော်တို့မသိမ်းဆည်း မထိန်းသိမ်းနိုင်ခဲ့ကြပါ။ ယခုအထိ တိကျခိုင်မာစွာ ကိုးကားအားပြုနိုင်လောက်စရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိပြည့်ပြည့်စုံစုံ ကျွန်တော်တို့မှာ မရှိပါ။

ဗိုလ်ချုပ်ဝတ်စားဆင်ယင်ပုံနှင့် စပ်လျဉ်း၍

တစ်မြန်နှစ်က ကျွန်တော် လန်ဒန်မြို့ရောက်စဉ် ဘီဘီစီသို့ရောက်သွားပါသည်။ ဘီဘီစီမြန်မာဝိုင်းဝိုင်းတော်သားတို့က ဝိုင်းပြောကြသည်။ ဗိုလ်ချုပ်အောင်ဆန်း လုံချည်ဝတ်ရာမှာ ယခုခေတ်ဝတ်ကြသလို လုံချည်စကို ဆွဲလိမ်ပတ်ထိုး ဝတ်ပုံမျိုးလား။ ဗိုလ်ချုပ်ရုပ်ရှင်နမူနာပြကွက်မှ ဗိုလ်ချုပ်အောင်ဆန်း(ကျော်ကျော်မျိုး)မှာ ခေတ်လူငယ်များဝတ်သလို ဝတ်နေသဖြင့် သမိုင်းအကြောင်းအချက်အမှတ်အသားတို့နှင့် လွဲမှားနေသည်ဟု ပြောပြကြပါသည်။

ခါးပုံစကလေးခေါက်လျက် ဗိုလ်ချုပ်ဝတ်ဆင်နည်း

ယခုရိုက်ကွင်းသို့ရောက်ခိုက် ဗိုလ်ချုပ်အဖြစ်သရုပ်ဆောင်သူ ကိုကျော်ကျော်မျိုးကို ဗိုလ်ချုပ် လုံချည် ဝတ်ပုံမျိုး ခါးပုံစကလေးခေါက်လျက် ဝတ်ဆင်နည်းကိုသင်ပြပေးခဲ့ပါသည်။

သမိုင်းအထောက်အထားကွဲလွဲချက်

နောက်တစ်ခု ကြုံကြိုက်တုန်း ပြောလိုပါသေးသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ (လုပ်ကြံခြင်းမခံရမီ ၆ ရက်အလိုနေ့)က ရန်ကုန်မြို့တော်ခန်းမ မျက်နှာစာစင်ဝင်ဆောင်ပေါ်မှနေ၍ ရှေ့တူရူရှိ ဗန္ဓုလပန်းခြံအတွင်းမှ လူထုပရိသတ်တို့ကို ဗိုလ်ချုပ်ဟောပြောနေစဉ် ရိုက်ကူးထားသည့် ဓာတ်ပုံနှင့်ပတ်သက်၍ ပြောပြလိုပါသည်။

မှတ်တမ်းတင်ဓာတ်ပုံနှစ်ပုံ၏ကွဲလွဲချက်

မြို့တော်ခန်းမ စင်ဝင်ဆောင်ပေါ်မှ လူထုအား ဗိုလ်ချုပ်မိန့်ခွန်း ဟောပြောပုံမှာ၊ ဓာတ်ပုံနှစ်မျိုးနှစ်စားရှိပါသည်။ ပထမတစ်မျိုးမှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့က လွတ်လပ်ရေးအတွက် လန်ဒန်ဆွေးနွေးပွဲမှ ပြန်ရောက်ရောက်ချင်း မြို့တော်ခန်းမ စင်ဝင်ပေါ်မှ ဗိုလ်ချုပ်မိန့်ခွန်းပြောနေစဉ် ရိုက်ကူးထားသောပုံ ဖြစ်ပါသည်။ ထိုပုံတွင် မတ်တတ်ရပ် မိန့်ခွန်းပြောနေသော ဗိုလ်ချုပ်၏နံဘေးတွင် သခင်နုထိုင်နေသည်ကို တွေ့ကြရပါမည်။

သမိုင်းဟာကွက်ဖြည့်ကြရန် အရေးကြီး

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမဆောင်ပေါ်မှနေ၍ ဗိုလ်ချုပ်မိန့်ခွန်းပြောနေစဉ်တွင် နံဘေးမှ ဘကြီးဘဖေနှင့် ဦးတင်ထွဋ်တို့ ထိုင်နေကြပါသည်။ ထိုနှစ်ချက်ကွဲလွဲချက်နှင့်စပ်လျဉ်း၍ ကိုလူမင်းက မေးသဖြင့် ကျွန်တော်ရှင်းပြခဲ့ပါသည်။ သမိုင်းနေ့ရက်သိပ်မကြာသေးသော်လည်း အမှတ်အသား တိကျခိုင်မာရန် လိုအပ်နေသည်ကို ကျွန်တော် သတိပြုမိလိုက်ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အတ္ထုပ္ပတ္တိကို တိကျခိုင်မာပြည့်စုံအောင် ပြုစုထားရှိကြရန် အထူးပင် လိုအပ်နေပြီဖြစ်ကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။

အရေးကြီးသော သမိုင်းဝင်ဓာတ်ဝင်ခန်း

ထိုနေ့က အောင်ဆန်း ရုပ်ရှင်ရိုက်ကွင်းမှာ ကမ္မောဇနန်းတော်အထက်ဘက်ရှိ ခန်းမကျယ်ကြီးတွင် ဆက်တင်များဆင်လျက် ဗိုလ်ချုပ်ဖြစ်စဉ်ထုပ္ပါတ်အကြောင်းရပ်များအနက်မှ မန္တလေးအမျိုးသားရေးလှုပ်ရှားမှု လူထုစည်းဝေးပွဲကြီးသို့ သခင်အောင်ဆန်း(ဗိုလ်ချုပ်) တက်ရောက်မိန့်ခွန်းပြောကြားပြီးနောက် မန္တလေးတွင် ရောက်ရှိနေသော ဗြိတိသျှလေဘာပါတီခေါင်းဆောင် မစ္စတာရစ်ချတ်စတက်ဖို့ခရစ် (နောင်ဗြိတိသျှအစိုးရနေသဟာယ ရွှေတိုက်စိုးဝန်ကြီးဆာစတက်ဖို့ခရစ်)နှင့် သမိုင်းဝင် တွေ့ဆုံခန်းရိုက်ကူးနေခြင်းဖြစ်သည်။

၂၃ နှစ်သား သခင်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်း (သခင်အောင်ဆန်း)သည် ၂၃ နှစ်သားအရွယ် ရန်ကုန်တက္ကသိုလ်မှ နုတ်ထွက်ပြီး တို့ဗမာအစည်းအရုံးသို့ ခြေစုံပစ် ဝင်လိုက်သည်။ တို့ဗမာအစည်းအရုံးသည် ဗမာ့နိုင်ငံရေး ဦးဆောင်အဖွဲ့ကြီးဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်က စတင်ဖွဲ့စည်းခဲ့၍ အဖွဲ့ဝင်များ၏နာမည် ရှေ့တွင် သခင်တပ်ပြီး ခေါ်ဆိုကြသည်။ သခင် ကိုယ်တော်မှိုင်း၊ သခင်အောင်ဆန်း၊ သခင်နု၊ သခင်သိန်းဖေ စသည်ဖြစ်သည်။ ဗမာတစ်ပြည်လုံး သခင် သခင်မတွေ လွှမ်းမိုးနေသည်။

နေရာတိုင်းတင်းမာမှု မြင့်တက်နေ

နေရာတိုင်းလိုလိုတွင် တင်းမာမှုများက မြင့်တက်နေသည်။ ရေနံမြေအလုပ်သမားသပိတ်၊ တောင်သူလယ်သမားသပိတ်စသည်တို့ ပြင်းထန်နေသည်။ ရေနံချောင်း၊ ချောက်တို့မှ ရေနံမြေအလုပ်သမားများ ရန်ကုန်မြို့အထိ ခြေကျင်ချီတက်လာနေကြပြီ။ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ပုလိပ်အသတ်ခံရသဖြင့် ကျောင်းသားထုကြီးတစ်ရပ်လုံး နိုင်ငံအနှံ့ ဆန္ဒပြနေကြသည်။

အမျိုးသားရေး အုံကြွလှုပ်ရှားမှုကြီး

မန္တလေးတွင် ဆန္ဒပြသူများနှင့် ပုလိပ်တပ်ဖွဲ့တို့ ပြဿနာဖြစ်ကြပြီး ၁၇ ဦး အသတ်ခံလိုက်ကြရသည်။ ပြည်သူတွေက ထို ၁၇ ဦးကို အာဇာနည် ၁၇ ဦးအဖြစ် ဂုဏ်ပြုကြသည်။ သခင်အောင်ဆန်းက ယင်းအထွေထွေ အုံကြွမှုကို အင်္ဂလိပ်အစိုးရအပေါ် ဖိအားပေးရန်နှင့် နယ်ချဲ့ဆန့်ကျင်ရေးလက်နက်အဖြစ် ကိုင်စွဲကျင့်သုံးရန် အခွင့်ကောင်းယူကာ စည်းရုံးလှုံ့ဆော်သည်။ သခင်အောင်ဆန်းနှင့်အတူ လူထုလူတန်းစားအလွှာအသီးသီးတို့ စုရုံးပေါင်းစည်းလာကြသည်။ တို့ဗမာအစည်းအရုံးကို မဏ္ဍိုင်ထားပြီး တစ်နိုင်ငံလုံး နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု တစ်နေ့ထက်တစ်နေ့ ကြီးထွားလာသည်။

သခင်အောင်ဆန်းနှင့် စတက်ဖို့ခရစ်

၁၉၃၉ ခုနှစ် ဒီဇင်ဘာလကုန်ခန့်ဖြစ်သည်။ လူထုအုံကြွအမျိုးသားရေးလှုပ်ရှားမှုကြီးအတွက် သခင်အောင်ဆန်း မန္တလေးသို့ရောက်နေခိုက် မစ္စတာရစ်ချတ်စတက်ဖို့ခရစ်နှင့် တွေ့ဆုံခြင်းဖြစ်သည်။

> **"မစ္စတာရစ်ချတ်စတက်ဖို့ခရစ်အဖို့မှာမူ သခင်အောင်ဆန်း၏လုပ်ရပ်နှင့် ပြောပုံဆိုပေါက်တို့ကို ရုတ်တရက် မှင်တက်မိအောင် ထိတွေ့ခံစားလိုက်ရင်း သတ္တိရှိရှိ ပွင့်ပွင့်လင်းလင်း ပြောဆိုပြုမူတတ်သည့် ဓလေ့ထဲမှ ဖြစ်တည်နေသော နိုင်ငံရေးသြဇာတိက္ကမ ရှိမှုကို အထင်တကြီး လေးစားသွားခဲ့"**

သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်းတို့နှင့်

အောင်ဆန်းရုပ်ရှင် ရိုက်ကွင်းအမြင်မှာ နောက်ခံနံရံတွင် တို့ဗမာအစည်းအရုံးအလံကို ချိတ်ဆွဲလျက် အစည်းအဝေးစားပွဲခုံရှည်ကြီး၏ထိပ်တွင် မစ္စတာရစ်ချတ်စတက်ဖို့ခရစ်က ထိုင်လျက်နေရာယူပြီး ၎င်း၏ ဝဲဘက်တွင် သခင်အောင်ဆန်း၊ သခင်တင်မောင်(ကျုံမင်း)တို့က နေရာယူလျက် ယာဘက်တွင် ထိပ်တင်ကိုယ်တော်ကြီး၊ သခင်စိုးနှင့် သခင်သန်းထွန်းတို့က နေရာယူထိုင်လျက်အနေအထားဖြင့် ဒါရိုက်တာလူမင်းက စတင်ရိုက်ကူးပါသည်။

သရုပ်ဆောင်ပါဝင်ကြသူများ

သခင်အောင်ဆန်းအဖြစ် ကမ္ဘောဇောလုံးကလပ်အသင်းမှ လက်ရွေးစင်ဘောလုံးသမား ဗိုလ်ချုပ်နှင့် ရုပ်ချင်းဆင်တူသော ကိုကျော်ကျော်မျိုးက ပါဝင်သရုပ်ဆောင်ပြီး ထိပ်တင်ကိုယ်တော်ကြီးအဖြစ် ရုပ်ရှင်မင်းသား ကိုရန်ကျော်က ပါဝင်သရုပ်ဆောင်ပါသည်။ သခင်စိုး၊ သခင်သန်းထွန်းနှင့် သခင်တင်မောင် (ကျုံမင်း)တို့အဖြစ် ၎င်းတို့နှင့် ရုပ်ရည်ချင်းဆင်တူကြသော ယဉ်ကျေးမှုအနုပညာတက္ကသိုလ်မှ ကျောင်းသားကြီးများက ပါဝင်ကူညီ သရုပ်ဆောင်ကြပါသည်။

ဥရောပသံကြီးတစ်ဖြစ်လဲ စတက်ဖို့ခရစ်

တကယ့်ဖြစ်စဉ်ဖြစ်ရပ်တွင် တို့ဗမာအစည်းအရုံးအတွင်းရေးမှူး သခင်အောင်ဆန်းနှင့် စတက်ဖို့ခရစ်တို့၏ တွေ့ဆုံပွဲမှာ အချိန်အလွန်တိုတောင်းပါသည်။ ယခုရိုက်ကွင်းတွင် စတက်ဖို့ခရစ်အဖြစ် ပါဝင်သရုပ်ဆောင်ပေးသူမှာ မြန်မာနိုင်ငံတွင်လာရောက် တာဝန်ထမ်းဆောင်နေသော အနောက်ဥရောပသံရုံးကြီးတစ်ရုံးမှ ဗြိတိသျှလူမျိုးတို့နှင့် ရုပ်ချင်းဆင်သော သံအရာရှိကြီးတစ်ဦး ဖြစ်ပါသည်။

လွတ်လပ်ရေးအတွက် ဘယ်လိုပြင်ဆင်ထားသလဲ

ထိုပုဂ္ဂိုလ်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ခေတ်စားခဲ့သော အောက်ခံမီးခိုးနေရောင်ပေါ်တွင် အဖြူရောင် ဒေါင်လိုက်အစင်းကျား သက္ကလပ်ကုတ်အင်္ကျီ၊ ယင်းသက္ကလပ်ဘောင်းဘီနှင့် နက်ပြာရင့်ရောင်အပေါ် အဖြူအစင်းကျားလည်စည်းတို့ကို ဝတ်စားထားပါသည်။ ထိုရိုက်ကွင်းဆွေးနွေးပွဲတွင် စတက်ဖို့ခရစ်က စတင်၍ ပြောဆိုမေးမြန်းပါသည်။

"ခင်ဗျားတို့ ဗမာခေါင်းဆောင်တွေအနေနဲ့ ဗမာပြည်လွတ်လပ်ရေးရဖို့ရာအတွက် ဘယ်လိုများ ပြင်ဆင်စီစဉ်ထားကြပါသလဲ"

လက်တွေ့ကျကျ ဥပမာပေး၍ ဖြေဆိုခြင်း

ထိုစဉ် သခင်အောင်ဆန်းက ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ပြီး လက်တွေ့ကျကျ ဥပမာတစ်ရပ်ဖြင့် ပြသကာ ဖြေကြားလိုက်ပါသည်။

"မစ္စတာစတက်ဖို့ခရစ်ခင်ဗျား။ ခင်ဗျားက ကျုပ်ဆီကနေ ဖောင်တိန်တစ်ချောင်းကို ယူထားတယ်ဆိုပါတော့။ ကျုပ်က ကျုပ်ဖောင်တိန်ကိုပြန်ပေးဖို့ ခင်ဗျားကို ယဉ်ယဉ်ကျေးကျေးနဲ့ ပြန်တောင်းမယ်ဗျာ။ တောင်းလိုက်လို့ ခင်ဗျားက အေးအေးဆေးဆေး အသာတကြည် ပြန်ပေးရင်တော့ကောင်းတာပေါ့။အဲဒီလို ယဉ်ယဉ်ကျေးကျေးနဲ့မှ ပြန်တောင်းလို့မရရင် ဟောဒီလိုမျိုး ကျုပ်အတင်းယူရမှာပဲ . . . "

သခင်အောင်ဆန်းသည် ပြောပြောဆိုဆိုနှင့် စတက်ဖို့ခရစ်၏ ကုတ်အင်္ကျီအပေါ် ရင်ဖုံးအိတ်ထောင်ထဲတွင် ချိတ်ထားသော ဖောင်တိန်ပင်(fountain pen)ကို ဆတ်ခနဲ ဆွဲ၍လုယူလိုက်ပါသည်။ကုတ်အင်္ကျီအိတ်ထောင်စုတ်ပြဲ ကျန်ခဲ့ပါသည်။ (ရိုက်ကွင်း၌ ထည့်ရိုက်နေသော ဖောင်တိန်မှာ ၁၉၃၇ ခုနှစ်က ဂျပန်မှ ထုတ်လုပ်ခဲ့သော Pilot Fountain Pen အစစ် ရှေးခေတ်ဟောင်းတစ်ချောင်းဖြစ်ပါသည်။)

အားနာစရာကောင်းလိုက်တာဗျာ

ထိုစဉ် ဘေးမှကြည့်နေကြသော ထိပ်တင်ကိုယ်တော်ကြီး၊ သခင်စိုး၊ သခင်သန်းထွန်းတို့က " သခင်အောင်ဆန်း၊ ခင်ဗျားလုပ်လိုက်တာ အတော်ကိုအားနာစရာ ကောင်းလိုက်တာဗျာ " ဟု တစ်ပြိုင်နက်တည်း ပြောလိုက်ကြပါသည်။

နိုင်ငံရေးသြဇာတိက္ကမရှိမှု

သို့သော် မစ္စတာရစ်ချတ်စတက်ဖို့ခရစ် အဖို့မှာမူ သခင်အောင်ဆန်း၏ လုပ်ရပ်နှင့် ပြောပုံဆိုပေါက်တို့ကို ရုတ်တရက် မှင်တက်မိအောင် ထိတွေ့ခံစားလိုက်ရင်း သတ္တိရှိရှိ ပွင့်ပွင့်လင်းလင်း ပြောဆိုပြုမူတတ်သည့် ဓလေ့ထဲမှ ဖြစ်တည်နေသော နိုင်ငံရေးသြဇာတိက္ကမ ရှိမှုကို အထင်တကြီး လေးစားသွားခဲ့ပါသည်။

စတက်ဖို့ခရစ် အထင်ကြီးလေးစားသွားခြင်း

မည်မျှအထိ အထင်ကြီးသွားပါသလဲဆိုလျှင် အင်္ဂလန်က သူ၏ လေဘာပါတီဝင် ရဲဘော်ရဲဘက်များကို ထိုအတွေ့အကြုံနှင့် ပတ်သက်၍ မကြာခဏပြန်ပြောရသည်အထိ အထင်တကြီးဖြစ်သွားရခြင်း ဖြစ်ပါသည်။

ဤဖြစ်ရပ်ကို ဗြိတိသျှစာရေးဆရာ Jesper Bengtsson က A Biography of Aung San Suu Kyi စာအုပ်တွင် အထူးတလည် ဖော်ပြထားသည်ကို ဖတ်ရှုကြရပါသည်။

မြန်မာနိုင်ငံမှ ကဗျာဆရာ " ဟိန်း " ကလည်း၊ ဤအကြောင်းအရာနှင့်စပ်၍ ကဗျာတစ်ပုဒ်ကို အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပါသည်။

" နိုင်ငံရေးသြဇာတိက္ကမ "

*** ဆြာ စတက်ဖို့ခရစ်**
သူ ခင်ဗျားအင်္ကျီအိတ်ကြီးပြဲသွားအောင်
ဖောင်တိန်ကိုဆွဲလုလိုက်တာ
မအုံသြပါနဲ့ . . .။

*** ၃၂ - နှစ်နဲ့ သေခဲ့တာတောင်**
ကျွန်တော်တို့ နှလုံးသားတွေကို
သူ အခုထိ
ဆွဲလုနေတုန်း . . . ။ ။

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်း အာဇာနည်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ အစီအစဉ်များရိုက်ကူး

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ကျောင်းသား ကျောင်းသူများက စီစဉ်ကျင်းပသော အာဇာနည်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ အစီအစဉ်များကို ဇူလိုင် ၁၅ ရက်ကနေ့ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အတွင်း၌ ရိုက်ကူးသည်။

ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) T- 13 တွင် ရိုက်ကူးခဲ့သည့် အာဇာနည်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဆရာချစ်ဦးညိုက ဇူလိုင်လက်ဆောင် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ဆရာမင်းကိုနိုင်နှင့် ဆရာ လက်ီ်ဝ ရည်ကျော်တို့က အနာဂတ်ဖိတ်စာခေါင်းစဉ်ဖြင့် စာပေရေးရာများကို ဆွေးနွေးသည်။ (ယာပုံ)

အဆိုပါအစီအစဉ်များကို ဇူလိုင် ၁၈ ရက် (စနေနေ့)တွင် ကျောင်းသားကိုယ်စားလှယ်များ ကော်မတီ၏ လူမှုကွန်ရက်စာမျက်နှာ ဖြစ်သော Student's Representatives Committee–UYHC မှ ထုတ်လွှင့်မည် ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)မှ ဓာတ်ပုံမှတ်တမ်းများနှင့် ပြခန်းများ

နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်။



ပျဉ်းမနားမြို့ ဘိုကိတ်ခြံတွင် တပ်စွဲထားသော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း (၁) အား ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

နတ်မောက် ဇူလိုင် ၁၇

ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ပြတိုက်(နတ်မောက်)သည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းတွင် တည်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိဘများဖြစ်သော ဦးဖာနှင့်ဒေါ်စုတို့ လက်ထက်ကတည်းက ဆောက်လုပ်နေထိုင်ခဲ့သောအိမ် ဖြစ်သည်။

အဆိုပါနေအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်း သည် ၁၉၁၅ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ နေထိုင်ခဲ့သည်။ ဗိုလ်ချုပ်၏ဖခင် ကွယ်လွန်ပြီးနောက် အစ်ကိုဖြစ်သူ ဦးနေအောင်က မိခင်ဖြစ်သူ ဒေါ်စုနှင့်အတူ ဆက်လက် နေထိုင်ခဲ့ပြီး ဦးနေအောင် ကွယ်လွန်သည့်အခါ ၁၉၇၃ ခုနှစ်တွင် နိုင်ငံတော်သို့ လျှဒါန်ခဲ့ခြင်းကြောင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းကာ ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်အဖြစ် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ပြတိုက် (နတ်မောက်)တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်ဘဝမှ စတင်ကာ ကျောင်းသားဘဝ အပါအဝင် နိုင်ငံရေးလှုပ်ရှားမှု အဆင့်ဆင့်နှင့် ကျဆုံးခဲ့သည့် စျာပနအခမ်းအနားအထိ ဓာတ်ပုံ မှတ်တမ်းများနှင့် အခြားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်နွယ်သည့် ပြခန်းများကို ပြသထားသည်။

ကျောင်းသားဘဝ ဓာတ်ပုံ မှတ်တမ်းတွင် ဦးသောဘိတ ကျောင်း၌ ပဉ္စမတန်းတွင် ကိုင်ဆောင်ခဲ့သော ဂဏန်းစာအုပ် မျက်နှာဖုံး၊ ရေနံချောင်းမြို့အမျိုးသား အထက်တန်းကျောင်း၌ ဆဋ္ဌမတန်းတွင် ကိုင်ဆောင်ခဲ့သော ဂဏန်းစာအုပ်မျက်နှာဖုံး၊ ၁၀ တန်းအောင် လက်မှတ်၊ တက္ကသိုလ်တက်စဓာတ်ပုံ၊ ကျောင်းသားသမဂ္ဂဓာတ်ပုံ နှင့် တက္ကသိုလ်အောင် လက်မှတ် စသည်တို့ကို ပြသထားသည်။

မိသားစုဘဝ ဓာတ်ပုံမှတ်တမ်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာဆောင်ဖိတ်စာ၊ လက်ထပ်ပြီးစ ဓာတ်ပုံ၊ မိသားစုလိုက်ဓာတ်ပုံ၊ အမေစုနှင့် ဗိုလ်ချုပ်ဓာတ်ပုံ၊ ပဲပြုတ်နဲ့ နံပြားစားချင်တယ်ဆိုတဲ့ ဗိုလ်ချုပ်က ဒေါ်ခင်ကြည်ထံ ပေးသော လက်ရေးမူတို့ကို ပြသထားသည်။

နိုင်ငံရေးလှုပ်ရှားမှုနှင့် နိုင်ငံခေါင်းဆောင်ဘဝ ဓာတ်ပုံမှတ်တမ်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏အတ္တုပ္ပတ္တိ အကျဉ်း၊ ရဲဘော်သုံးကျိပ်ဓာတ်ပုံ၊ ဗမာ့လွတ်လပ်ရေး တပ်မတော် အကြောင်းနှင့် အကျိုး၊ ဗိုလ်ချုပ်အောင်ဆန်းတပ်ဆင်ခဲ့သည့် ရာထူးတံဆိပ်များ၊ ဘီလပ်တွင် မြန်မာပြည်ဆိုင်ရာအတွင်းဝန် ပက်ထရစ်လေ့ာရင့်က ဆီးကြိုပုံ၊ လန်ဒန်ဇည့်ခံပွဲ တက်ရောက်ပုံ၊ လန်ဒန်ဒေါင်းနင်း လမ်းအမှတ်(၁၀)၌ အင်္ဂလိပ်နန်းရင်းဝန်နှင့် တွေ့ဆုံပုံ၊ ပျဉ်းမနား ဘီဒီအေ တပ်ရင်း(၁) တွင် မိန့်ခွန်းပြောကြားပုံ၊ ဘီဒီအေတပ်ရင်း (၁) ကို စစ်ဆေးပုံ၊ တိုင်းပြုပြည်ပြု လွှတ်တော်သို့ တက်ရောက်လာပုံ၊ ဂျူဗလီဟောတွင် ဖဆပလ ပဏာမညီလာခံတွင် မိန့်ခွန်းပြောကြားပုံ၊ ရွှေတိဂုံ အရှေ့ဘက် မုခ်တွင် မိန့်ခွန်းပြောကြားပုံ၊ နယ်လှည့်စည်းရုံးရေး ဆင်းပုံများ၊ ပင်လုံညီလာခံ တက်ရောက်လာသော နိုင်ငံခြားသားများနှင့် ဓာတ်ပုံစသည့် ဓာတ်ပုံမှတ်တမ်းများ ပြသထားသည်။

စျာပနအခမ်းအနား ဓာတ်ပုံ မှတ်တမ်းတွင် ရန်ကုန်မြို့ အာဇာနည်ကုန်းသို့ သယ်လာပုံ၊ ကျဆုံးပြီးနောက် စစ်ဝတ်စုံဖြင့် ပြင်ဆင်ထားပုံ၊ အာဇာနည်ကုန်းရှိ ဗိုလ်ချုပ်၏ အုတ်ဂူ၊ တာဝါလိန်း လမ်းရှိ ဗိုလ်ချုပ် အောင်ဆန်း ပြတိုက် ပြုလုပ်ထားသည့် ဗိုလ်ချုပ် နောက်ဆုံးနေခဲ့သည့် အိမ်၊ ဗိုလ်ချုပ် အောင်ဆန်းလုပ်ကြံခံရသည့် ရုံးခန်းတွင် ချိတ်ဆွဲထားသည့် ဝန်ကြီး ဦးအောင်ဆန်း ဆိုင်းဘုတ်တို့ကို ဓာတ်ပုံမှတ်တမ်းများဖြင့် ပြသထားပြီး ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် သမိုင်းအကျဉ်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေစဉ် မျိုးဆက်ဆင်းသက်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နှုတ်ချက်များကို ပြသထားသည်။

အခြားသော ဗိုလ်ချုပ်နှင့် ဆက်နွယ်သည့် ပြခန်းများမှာ ဗိုလ်ချုပ်လာစဉ် စာဖတ်သည့် နေရာ၊ ဗိုလ်ချုပ်၏ စာဖတ်ခန်း၊ ဗိုလ်ချုပ် အိပ်ခန်း၊ ဗိုလ်ချုပ် မိခင်အိပ်ခန်း၊ ဗိုလ်ချုပ်၏ မိသားစုအိပ်ခန်း၊ မီးခံသေတ္တာ၊ မီးဖိုခန်း၊ ဗိုလ်ချုပ်၏ မိခင်ဒေါ်စု၏ ရက်ကန်းစင်၊ စပါးထည့်သည့် ကျီ စသည်ဖြင့် အသီးသီး ပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ပြတိုက်(နတ်မောက်) ကို ယခင်နှစ်များက အများပြည်သူ ကြည့်ရှုနိုင်ရေး ဖွင့်လှစ်ပေးခဲ့သော်လည်း ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကြောင့် ကြည့်ရှုခွင့်ပိတ်ထားပြီး ယခုနှစ်တွင် ကျရောက်မည့် (၇၃) နှစ်မြောက် အာဇာနည်နေ့အထူးပြပွဲ ကိုလည်း ပြသခြင်း မပြုတော့ဘဲ ပြတိုက်ကို ပိတ်ထားမည်ဖြစ်သည့် အတွက် အများပြည်သူလေ့လာနိုင်ရန် Online Exhibition အဖြစ် ပြသသွားမည်ဖြစ်ကြောင်းရေးသားတင်ပြလိုက်ရပါသည်။ **နိုင်လင်းကြည်**

နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်၌ ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

ဗိုလ်ချုပ်အောင်ဆန်း၏ ဆယ်တန်းအောင်လက်မှတ်။



ဗိုလ်ချုပ်အောင်ဆန်း၏
ဘီအေ အောင်လက်မှတ်။

ဗိုလ်ချုပ်အောင်ဆန်း၏ မဂ်လာထမင်းစားပွဲ ဖိတ်ကြားစာ။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး COVID-19 အပါအဝင် လတ်တလော ဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ Social Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး COVID-19 အပါအဝင် လတ်တလောဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ယာဝုံ)**

ဒုတိယအကြိမ် ကျင်းပ

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယခုရှင်းလင်းပွဲသည် ကိုဗစ်-၁၉ ကာလတွင် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့်အခြေခံလူတန်းစားများကို ထောက်ပံ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယင်းမှာ CERP အရ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပထမအကြိမ် သင်္ကြန်ကာလတွင် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများကို ထောက်ပံ့ရန်အတွက် အခြေခံစားနပ်ရိက္ခာ ၅ မျိုးကို ဖြန့်ဝေခဲ့ပါကြောင်း၊ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်အတွင်း တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုပေါင်း ၄ သန်းကျော်ကို အခြေခံစားကုန် ၅ မျိုး ဖြန့်ဝေရာတွင် ငွေကျပ် ဘီလီယံ ၅၀ ကျော် အကုန်အကျခံခဲ့ပါကြောင်း။

ဒုတိယအကြိမ်အဖြစ် ပထမအကြိမ်စားနပ်ရိက္ခာ ၅ မျိုး ဖြန့်ဝေသည့်အခါတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့သည့် အိမ်ထောင်စုများကို တစ်နိုင်ငံလုံး၌ စိစစ်ခဲ့ပါကြောင်း၊ စိစစ်ပြီးနောက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းခွဲ ထောက်ပံ့ခဲ့ပါကြောင်း၊ ဇွန် ၂၇ ရက်မှ ဇူလိုင် ၁၂ ရက်အထိ နှစ်ပတ်ကျော်ကာလအတွင်း ကျန်ရှိခဲ့သည့် အိမ်ထောင်စုပေါင်း ၁ ဒသမ ၄ သန်းကျော်ကို ထောက်ပံ့ခဲ့ပြီး ကုန်ကျစရိတ်မှာ ငွေကျပ် ၂၁ ဘီလီယံ အကုန်အကျခံခဲ့ပါကြောင်း။

ထပ်မံထောက်ပံ့သွားမည်

တတိယအကြိမ်အဖြစ် ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စု စုစုပေါင်း ၅ ဒသမ ၄ သန်းကျော်ကို ငွေကျပ်နှစ်သောင်းစီ ဇူလိုင်လနောက်ဆုံးပတ်တွင် စတင်ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ် ကလောမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သုံးမြို့နယ်တို့တွင် Mobile Payment အနေဖြင့် စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထအကြိမ် ထောက်ပံ့မှုအဖြစ် တင်ပြထားသည့် အိမ်ထောင်စုပေါင်း ၅ ဒသမ ၄ သန်းကျော်ကို ငွေကျပ်နှစ်သောင်းစီ ထပ်မံထောက်ပံ့သွားမည်ဖြစ်ပါကြောင်း၊ ယင်းထောက်ပံ့မှုကို သြဂုတ်လ နောက်ဆုံးပတ်တွင် စတင်ဆောင်ရွက်ရန် စီမံထားပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက နေပြည်တော်တွင် တန်ဖိုးနည်းအိမ်ရာနှင့် မြေကွက်သစ်များဖော်ထုတ်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ ယခုကျင်းပမည့် (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များအား ဖိတ်ကြားသွားရန် ရှိ၊ မရှိ၊ ရခိုင်ပြည်နယ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအတွက် လုံခြုံရေးစီမံဆောင်ရွက်ထားမှု၊ သိမ်းဆည်းလယ်ယာမြေများအား မူလတောင်သူများထံ စနစ်တကျ ပြန်လည်ပေးအပ်နိုင်ရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်နေမှု၊ စီးပွားရေးဦးပိုင်လီမိတက် ဒါရိုက်တာအဖွဲ့တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့ ပါဝင်နေခြင်းကိစ္စအပေါ် ဆောင်ရွက်ထားရှိမှု၊ သတင်းအတု၊ သတင်းမှားများ ဖြန့်ချိနေမှုနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေမှု၊ မှုခင်းသတင်းထောက်များကိစ္စ၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာအလုပ်သမားများအတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်မှု၊ ဖားကန့်မြို့ ဝေ့ခါမြေပြိုမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အစီရင်ခံစာ တွေ့ရှိချက်အပေါ် သိရှိလိုခြင်း၊ ရဲတပ်ဖွဲ့အကြီးအကဲများအား အရေးယူဆောင်ရွက်ခဲ့မှု၊ တရားမဝင် နိုင်ငံခြားသားများ လာရောက်ရင်းနှီးမြှုပ်နှံနေသည့်ကိစ္စ၊ ပိုးလမ်းမစီမံကိန်းများ၏ လက်ရှိအခြေအနေ၊ (၂၁) ရာစုပင်လုံ စတုတ္ထအကြိမ်အစည်းအဝေး ကျင်းပရေးကိစ္စ၊ ဝန်ကြီးဌာနများအား သတင်းရယူရာတွင် ဆက်သွယ်မှုလွယ်ကူစေရန် ဆောင်ရွက်ပေးရန်ကိစ္စ၊ အထက်တန်းကျောင်းများဖွင့်လှစ်ရာတွင် ကိုဗစ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသားမိဘများ စိုးရိမ်မှုမရှိအောင် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးရန်ကိစ္စ၊ မကြာမီက ကျင်းပခဲ့သည့် JMC-U အစည်းအဝေးတွင် နှစ်ဖက်တပ်နေရာများချထားရေး ဆွေးနွေးခြင်းရှိ၊ မရှိ အခြေအနေတို့နှင့်စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရှင်းလင်းဖြေကြား

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့ ဒါရိုက်တာအဖွဲ့တွင် ပါဝင်နေခြင်းကိစ္စအပေါ် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်တို့ ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေပိုင်းဆိုင်ရာသဘောထားသည် ၂၀၁၃ ခုနှစ် နိုင်ငံဝန်ထမ်းဥပဒေ ပုဒ်မ ၁၀ (စ) နှင့် ပုဒ်မ ၃၇ တို့အရ ၎င်းတို့နှစ်ဦးကိစ္စသည် ဥပဒေနှင့် မညီကြောင်းကို ပြန်ကြားထားပြီးဖြစ်ပါကြောင်း၊ ယင်းအပေါ်မူတည်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်သည် ဇူလိုင် ၆ ရက်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် BOD မှ ၎င်း၏ သဘောဆန္ဒအရ နုတ်ထွက်ထားပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလာပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်သည် ဇူလိုင် ၆ ရက်တွင်ပင် ယခင်ကဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များသည် ဥပဒေနှင့် မညီညွတ်သည့်အတွက် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆက်လက်ခန့်ထားရန် ခွင့်မပြုကြောင်းနှင့် ယခင်ကခွင့်ပြုထားသည့်စာကို ယခုစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ တရားဝင်စာပို့ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရန် အစိုးရအနေဖြင့် ပြင်ဆင်ဆောင်ရွက်နေမှု၊ သတင်းရယူမှု၊ အစည်းအဝေးကျင်းပမည့်ပုံစံနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ၂၁ ရာစုပင်လုံညီလာခံ တတိယအစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ တတိယအစည်းအဝေးပြီးသည့်နောက်ပိုင်း (၂) နှစ်ရှိပြီဖြစ်ကာ ညီလာခံကျင်းပနိုင်ခြင်း မရှိသေးပါကြောင်း၊ ယင်းကာလအတွင်း EAO များနှင့် မိမိတို့အကြား (10+10) ထိပ်သီးအစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း၊ နိုဝင်ဘာလတွင် KNU နှင့် RCSS တို့က ကြေညာချက်များ အသီးသီးထုတ်ခဲ့ပါကြောင်း၊ ထိုသို့ ကြေညာချက်များ ထုတ်ပြန်ပြီးနောက် မိမိတို့နှင့် EAO များအကြား တရားဝင်နှင့် အလွတ်သဘော အစည်းအဝေးပေါင်းများစွာ ပြုလုပ်ခဲ့ပြီး လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ခဲ့ရပါကြောင်း။

၂၀၂၀ပြည့်နှစ် ဧနီနဝါရီ ၈ ရက်တွင် တရားဝင်အစည်းအဝေးအဖြစ် (၈)ကြိမ်မြောက် JICM အစည်းအဝေးကို နေပြည်တော်၌ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်၊ သဘောတူညီချက် (၈)ချက် ရရှိခဲ့ပါကြောင်း၊ ယင်း (၈)ချက်ထဲတွင် ၂၁ ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း ပထမ လေးလတာ ကာလအတွင်း ကျင်းပသွားရန် သဘောတူသည်ဟု ပါရှိပါကြောင်း၊ မိမိတို့အနေဖြင့် သင်္ကြန်မတိုင်မီ ကျင်းပရန် မျှော်မှန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်မြို့ NRPC ၌ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက်၊ ၃ ရက်တွင် JICM အစည်းအဝေးက ဆုံးဖြတ်ခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကို အပိုင်းသုံးပိုင်းဖြင့် ဆုံးဖြတ်ချက်ကို သဘောတူညီချက်ရယူရန် ဆွေးနွေးခဲ့ပါကြောင်း၊ အပိုင်း(၁)အနေဖြင့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ အပိုင်း(၂)မှာ ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲအလွန် အဆင့်အလိုက်လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မှု၊ အပိုင်း(၃) အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူတို့ ဖြစ်ပါကြောင်း၊ ညီလာခံကျင်းပရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အပြင် ကျင်းပမည့် လျာထားကာလကိုလည်း ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း။

EAO နှင့် မိမိတို့အနေဖြင့် ဖေဖော်ဝါရီ ၂ ရက်၊ ၃ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်၊ မတ်လ ၅ ရက်၊ ၇ ရက် ဆွေးနွေးကြပါကြောင်း၊ ယင်းအချိန်သည် ပြည်ထောင်စုသဘောတူ စာချုပ် ရရှိရန်အတွက် အရှိန်မြှင့်နေသည့်အချိန်ဖြစ်ပါကြောင်း၊ မတ် ၁၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ပါကြောင်း၊ မတ် ၁၂ ရက်တွင် UPDJC အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပြီး မတ် ၁၃ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး ပြည်သူ့ပန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၂၀ မတ် ၂၃ ရက်တွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပါကြောင်း၊ ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် မိမိတို့နှင့် EAO အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကို ဧပြီ ၃၀ ရက်အထိ သတ်မှတ်ထားသောကြောင့် ဧပြီလကုန်အထိ စောင့်ကြည့်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ လာမည့်အပတ်တွင် EAO များနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံမည်ဖြစ်ပါကြောင်း။

ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေ

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု သဘောတူညီချက်စာချုပ်အချို့အပိုင်းများ၊ တော်တော်များများ သဘောတူနိုင်မည့် အခြေအနေရှိမည်ဟု ထင်ပါကြောင်း၊ ညီလာခံကို သြဂုတ် ၁၂၊ ၁၃၊ ၁၄ တို့တွင် ကျင်းပရန် အလုပ်အဖွဲ့၌ သဘောတူထားပါကြောင်း၊ ယင်းသဘောတူညီချက်ကို သက်ဆိုင်ရာ ခေါင်းဆောင်များထံ ပြန်လည်တင်ပြပြီး အတည်ပြုရန် သဘောတူညီထားပါကြောင်း၊ ယင်းအပေါ် အစိုးရနှင့် လွှတ်တော်က သဘောတူညီထားပါကြောင်း၊ EAO အဖွဲ့များ၏ PPST အဖွဲ့ကလည်း ဇူလိုင် ၁၀ ရက်နေ့ အစည်းအဝေးကျင်းပခဲ့ပြီး ယင်းအချိန်ဇယား လျာထားချက်ကို သဘောတူကြောင်း အစိုးရအဖွဲ့သို့ ပြန်ကြားလာပါကြောင်း၊ ယင်းအချိန်အတိုင်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံရေးပါတီအများစုကလည်း ယင်းအပေါ်အပြုသဘောဆောင် သဘောထားများပေးပါကြောင်း၊ မူလအလုပ်အဖွဲ့အစည်းအဝေးတွင် သဘောတူထားသည့် သြဂုတ် ၁၂၊ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ ညီလာခံကို ချုံ့ပြီးဆောင်ရွက်ရခြင်းဖြစ်ပြီး ရလဒ်ကောင်းလည်း ထွက်စေလိုပါကြောင်း၊ Social Distancing နှင့်အညီ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ညီလာခံကို MICC (I)နှင့် (II) နှစ်နေရာ လုံးတွင် ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ UPDJC နှင့် JICM တို့ကို MICC (I) တွင် ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားနှင့် လက်မှတ်ရေးထိုးပွဲကို MICC (II) တွင် ကျင်းပမည်ဖြစ်ပါကြောင်း။

မီဒီယာများအနေဖြင့် ညီလာခံကိုယ်စားလှယ်များ တည်းခိုရာ ဟိုတယ်များသို့ သွားရောက်သတင်းရယူခွင့်ရှိမည်မဟုတ်ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲများတွင်လည်း သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း သတင်းရယူရမည် ဖြစ်ပါကြောင်း၊ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရာတွင်လည်း ယခင်ကဲ့သို့ လူစုလူဝေးဖြင့် မဟုတ်ဘဲ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ အဆင်ပြေအောင် ဆောင်ရွက်ရန် စဉ်းစားထားပါကြောင်း၊ မီဒီယာများ သတင်းရယူနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက အသိပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အထက်တန်းကျောင်းများ ဖွင့်လှစ်ရာတွင် ကိုဗစ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသားမိဘများ စိုးရိမ်မှုမရှိအောင် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအနေဖြင့် အထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ မေ ၂၂ ရက်တွင် ကျန်းမာရေး Guideline၊ SOP များနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း၊ ကျောင်းသားမိဘနှင့် ကျောင်းသားများ ဆောင်ရွက်ရမည့်အပိုင်း၊ ကျောင်းသူကျောင်းသားနှင့် ဆရာများ ဆောင်ရွက်ရမည့်အပိုင်း၊ ကျောင်းတာဝန်ရှိသူများ ဆောင်ရွက်ရမည့် အပိုင်းများအတွက် SOP များကို ရေးဆွဲထားပါကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် ပြန်လည်ဖွင့်လှစ်မည့် အခြေခံပညာအထက်တန်းကျောင်း ၆၁၇၁ ကျောင်း၊ အထက်တန်းအဆင့် ကိုယ်ပိုင်အထက်တန်းကျောင်း ၁၀၀၀ နှင့် ဘုန်းတော်ကြီးသင် အထက်တန်းအဆင့် စာသင်ကျောင်း ၄ ကျောင်း ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ တင်ပြချက်အရ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁ ဒသမ ၆ သန်းခန့်ရှိရာတွင် ပြီးခဲ့သည့် တနင်္လာ၊ အင်္ဂါနေ့ထိ ကျောင်းအပ်နှံမှုအနေဖြင့် ၁ ဒသမ ၀၆ သန်း အပ်နှံပြီးဖြစ်သည်ဟု သိရှိရပါကြောင်း။

ကွင်းဆင်းစစ်ဆေးသွားမည်

SOP ပြင်ဆင်မှုအပိုင်းအနေဖြင့် ကျောင်းမလာမီနှင့် ကျောင်းပို့ချိန်၊ ကျောင်းချိန်အတွင်း၊ မုန့်စား/ ထမင်းစားနားချိန်၊ ကျောင်းဆင်းချိန်နှင့် မိဘ၊ ဆရာများနှင့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် SOP (Version 1.3) ကို ပြုစုထားပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပါကြောင်း၊ ထို့ကြောင့် ကျောင်းများပြင်ဆင်ထားရှိမှုကို SOP နှင့်အညီ ပြင်၊ မပြင်နှင့် ပြင်ဆင်မှု ပြည့်စုံခြင်း ရှိ၊ မရှိကို Check List နှင့် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ပြည့်စုံမှုရှိပါက ဖွင့်လှစ်ရန် အဆင်သင့်ဖြစ်ပါက (A) အဆင့်၊ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်ရှိပါက(B) အဆင့်နှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန် အထူးလိုအပ်ချက်ရှိပါက (C) အဆင့် သတ်မှတ်ထားပါကြောင်း။

ယင်းသို့ စစ်ဆေးရာတွင် (A) အဆင့်မီသည့်ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုသွားမည် ဖြစ်ပါကြောင်း၊ စစ်ဆေးမှုအဖွဲ့များကို တစ်မြို့နယ်လျှင် ၃ ဖွဲ့နှင့် ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့တွင် ပါဝင်သူများမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မိဘဆရာအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရမှ ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ ယင်းပူးပေါင်းအဖွဲ့များအား ယနေ့မှစတင်ကာ စစ်ဆေးရန် ညွှန်ကြားထားပါကြောင်း၊ SOP, Guideline များနှင့်အညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို Check List နှင့် စစ်ဆေးကာ ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားသည့် (A) အဆင့်ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး (B) နှင့် (C) အဆင့်ရသည့်ကျောင်းများအား ပြန်ပြင်ဆင်စေကာ အဆင်သင့်ဖြစ်ပါက စစ်ဆေးရေးအဖွဲ့နှင့် ထပ်မံစစ်ဆေးမည်ဖြစ်ပါကြောင်း၊ ကျောင်းပြင်ပတွင် လူစု၊ လူဝေးမဖြစ်အောင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့နှင့် ပရဟိတအဖွဲ့များက ကူညီဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများ ဖွင့်လှစ်မည့် ညွှန်ကြားချက်နှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင် သဘောထားကွဲလွဲနေမှုများ ရှိပါကြောင်း၊ ဘော်ဒါဆောင်ရှိသော ကိုယ်ပိုင်ကျောင်းများ၊ ဘော်ဒါဆောင်နှင့် ချိတ်ဆက်သည့် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း၊ ယင်းကျောင်းများကို ဖွင့်လှစ်ခွင့်မပြုခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

သတင်း-မျိုးဟန်ကျော်၊ ဓာတ်ပုံ-ကျော်ရဲဆွေ

ပြင်ဦးလွင်၊ သိန်းနီနှင့် အောင်ပန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇
ပြင်စာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်-မန္တလေးသွား အဆင်းကားလမ်း ဝိုင်တိုင်အမှတ်(၂၁/၅) နှင့် (၂၁/၆) ကြားတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ SURF အမျိုးအစားမော်တော်ယာဉ်တွင် ယာဉ်မောင်းအား မတွေ့ရှိဘဲ ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရာ မော်တော်ယာဉ်အတွင်းမှ ဒွေကျပ်သိန်း ၃၅၃၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၅ ဒသမ ၁၉ ကီလို၊ စိတ်ကြွရှူးသွပ်ဆေးပြား ၅၀၈၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သိန်းနီမြို့နယ် ပန်စုံကျေးရွာအနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုလမ်းပေါ်တွင် ကျော်အေး မောင်းနှင်ပြီး မရန်ရှောက်တီ လိုက်ပါလာသော TOYOTA WISH အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၁၉၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကလောမြို့နယ် အောင်ပန်းမြို့အထွက် အောင်ပန်း-ရွာင်သွားကားလမ်း တံတားအမှတ် (၁/၃) အနီးတွင် အားတယ်မောင်းနှင်ပြီး ခွန်မောင်ကိုး လိုက်ပါလာသော MARK-II GRANDE အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဆီခဲ ၁၂ ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

ရသေ့တောင်မြို့နယ်၊ ထီးစွဲ၊ အောင်သာဇေနှင့် ကျောက်တန်းကျေးရွာများတစ်ဝိုက် အခြေပြုနေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်

နေပြည်တော် ဇူလိုင် ၁၇
ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ထီးစွဲ၊ အောင်သာဇေနှင့် ကျောက်တန်းကျေးရွာများတစ်ဝိုက် အခြေပြုနေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးပြုလုပ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရသေ့တောင်မြို့နယ်၊ ထီးစွဲကျေးရွာ၊ အောင်သာဇေကျေးရွာနှင့် ကျောက်တန်းကျေးရွာများတစ်ဝိုက် ကျေးရွာသူကျေးရွာသားများကို လူသားတံတိုင်းအဖြစ် အသုံးချ၍ ၎င်းကျေးရွာများတစ်ဝိုက် အခြေပြုလျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့်အပြင် ရသေ့တောင်မှ ကျောက်တန်း၊ ဖုန်ညိုလိပ်နှင့် ဘူးသီးတောင်မြို့သို့ ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းကိုလည်း ပိတ်ဆို့ထားသည့်အတွက် အဆိုပါနယ်မြေတစ်ဝိုက်ရှိ AA အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက ယနေ့မှ စတင်၍ ဆက်သွယ်ရေးလမ်းကြောင်းပွင့်စေရေးနှင့် ရွာသူ ရွာသားများကို ကယ်တင်ရန် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေး Counter Terrorism Operation ပြုလုပ်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

ဒဂုံမြို့နယ် လမ်းမတော်ဘူတာ၌ ကေဘယ်ကြိုးများခိုးယူသူများကို ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၁၇
ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ခရိုင်မှူခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက်က ဒဂုံမြို့နယ် လမ်းမတော်ဘူတာအနီး၌ မသက်ဘသူ နေဝင်းသူနှင့် ဇော်ဖြိုး(ခ) ကရင်လေးတို့ နှစ်ဦးကို ပြည်လမ်းအရှေ့ ရပ်ကွက်တွင် သံဖြတ်လွှတစ်ချောင်း၊ မြေအောက်ကေဘယ်ကြိုးများ ထည့်ထားသည့် ပိနံအိတ်တစ်လုံးတို့နှင့်အတူ တွေ့ရှိစစ်ဆေးရာ လမ်းမတော်ဘူတာတွင် ပုံထားသော ကေဘယ်ကြိုးများကို ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ နေဝင်းသူပါ နှစ်ဦးကို အသေးစိတ်စစ်ဆေးရာ သူငယ်ချင်းဖြစ်သူ ဝင်းလှိုင်(ခ) သွားကျိုးက လမ်းမတော်ဘူတာ၌ စုပုံထားသော မြေအောက်ကေဘယ်ကြိုး ပေ ၃၀ ခြောက်ချောင်းကို ၎င်းနှင့်အတူ ထွန်းသက်ပိုင်ဦး (ခ) ဖိုးခွား၊ အသေးလေး(ခ)ကုလားလေး(ခ)ရွှေထွန်း၊ ချက်ကြီး၊ ချစ်ကို (ခ) စောဘဌေးတို့နှင့်အတူ ခိုးယူခဲ့ပြီး ယာဉ်မောင်း သိန်းနိုင်(ခ)ဦးအညာသား (ခ) ဖိုးသိန်းသည် YGN 81/---- ယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြောင်း ပြောပြချက်အရ ၎င်းတို့မှလည်း သွားရောက်ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ပါသည်။

ဇူလိုင် ၈ ရက်က ထွန်းသက်ပိုင်ဦး (ခ)ဖိုးခွားပါ လေးဦးကို လည်းကောင်း၊ ဇူလိုင် ၉ ရက်က သိန်းနိုင်(ခ)ဦးအညာသား (ခ) ဖိုးသိန်းကိုလည်းကောင်း အမှုဖြင့် ထပ်မံဖမ်းဆီးခဲ့သည်။

အမှုမှ သက်သေခံပစ္စည်း မြေအောက် ကေဘယ်ကြိုးများ ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ နေဝင်းသူ ၊ ဇော်ဖြိုး(ခ) ကရင်လေးနှင့် ဝင်းလှိုင်(ခ)သွားကျိုးပါ ငါးဦး၊ ယာဉ်မောင်း သိန်းနိုင်(ခ)ဦးအညာသား(ခ)ဖိုးသိန်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၁၇
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင်လ ပထမပတ်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဇော်မျိုးလတ်(၁)ဘချစ်(၁) ဘခက်နှင့် မဝင်းရတီဖြိုး(၁)ဖြိုးလေးတို့ နှစ်ဦးကို (၉၇)ရပ်ကွက် ဒဂုံသီရိလမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ အဆိုပါဆိုင်ကယ်ကို ဇွန်လအတွင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၉၃)ရပ်ကွက် ပဲခူးမြစ်လမ်း၊ ကုလားဝဲတံတားအဆင်းလမ်းဘေးမှ ခိုးယူလာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးခဲ့သည်။

၎င်းတို့ နှစ်ဦးသည် ဧပြီလမှ ဇွန်လအထိ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှည့်လည်သွားလာ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း လမ်းဘေး၌ရပ်ထားသော ဆိုင်ကယ် ရှစ်စီး၊ ပုသိမ်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်းမှ ဆိုင်ကယ်တစ်စီး စုစုပေါင်း ဆိုင်ကယ် ကိုးစီးကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ရွှေဘိုခ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ တစ်ဦးသေ၊ လေးဦးဒဏ်ရာရ

ရွှေဘို ဇူလိုင် ၁၇
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဇူလိုင် ၁၆ ရက် ညပိုင်းက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း အမှတ် (၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး (ရွှေဘို)မှ သိရသည်။

ရွှေဘိုမြို့တွင် ဇူလိုင် ၁၆ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် ကန်တော်လမ်းအတိုင်း တောင်မှမြောက်သို့ မိုးဇော်ထွန်း (၂၆ နှစ်) သီးကုန်းကျေးရွာ ရွှေဘိုမြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် ကျော်နိုင်ထွန်း လိုက်ပါလာသော ဆိုင်ကယ်နှင့် ၎င်းလမ်းအတိုင်း မြောက်မှ တောင်သို့ တင်ထွန်းအောင် (၂၅ နှစ်) အမှတ် (၇) ရပ်ကွက်နေသူ မောင်းနှင်ပြီး အလယ်တွင် မဆုမွန်ဇော်၊ နောက်တွင် မသင်းသင်းမော်တို့ လိုက်ပါလာသော ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်၌ မျက်နှာချင်းဆိုင်တိုက်မိပြီး ငါးဦးလုံး ဒဏ်ရာများရရှိသဖြင့် ရွှေဘိုဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် တင်ထွန်းအောင်မှာ ည ၁၁ နာရီခွဲတွင် အခင်းဖြစ်စဉ်က ရရှိခဲ့သော ဒဏ်ရာများနှင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက် (ရွှေဘို)

ညောင်တုန်းမြို့နယ်၌ ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ အမျိုးသား သုံးဦး သေဆုံး

နေပြည်တော် ဇူလိုင် ၁၇
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အမြောင်းကျေးရွာအနီး ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ်(၂၀/၅-၆)ကြားဒ၌ ဇူလိုင် ၁၆ ရက် ညနေ ၃ နာရီခွဲက ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ အမျိုးသားသုံးဦး သေဆုံးသည်။

ပုသိမ်ဘက်မှ ရန်ကုန်ဘက်သို့ ညောင်ပင်သာကျေးရွာနေ မင်းထက်ကျော်(ခ) အဖိုးကြီး(၁၉ နှစ်) မောင်းနှင်ပြီး ဝါးတောကျေးရွာနေ မျိုးဇော်(၁၉ နှစ်) နှင့် တစ်ရွာတည်းနေ ချစ်သဲမောင် (၁၈ နှစ်)တို့ လိုက်ပါလာသည့် ဆိုင်ကယ်သည် အခင်းဖြစ်နေရာ အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ ပျဉ်းမနားမြို့နယ် ရွာကောက်ကျေးရွာနေ အောင်ကိုလတ် (၃၈ နှစ်) မောင်းနှင်လာသည့် 6Q/---- ခရီးသည်တင်မှန်လုံယာဉ်၏ ဝဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် မင်းထက်ကျော်(ခ) အဖိုးကြီးပါ သုံးဦးတို့တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သဖြင့် မင်းထက်ကျော်(ခ) အဖိုးကြီးအား မဲဇလီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လလယ်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၅၈ ဦးတွင် သေဆုံးသူ ငါးဦးရှိ

မုံရွာ ဇူလိုင် ၁၇
စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇူလိုင်လလယ်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၅၅၈ ဦး ရှိခဲ့ရာ ၎င်းအထဲမှ ငါးဦး သေဆုံးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တိုင်းဒေသကြီး ၄က်ဖျားရောဂါတိုက်ဖျက်ရေးဌာန)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာလွင်၏ ပြောကြားချက်အရ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးရဲ့ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အနေအထားက ၂၀၂၀ ပြည့်နှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဇူလိုင်လလယ်အထိဆိုရင် ၅၅၈ ဦး ရှိပါပြီ။ သေဆုံးမှုကတော့ ငါးဦးအထိ ရှိပါတယ်။ နောက်ရောဂါ ဖြစ်ပွားတဲ့နေရာတွေကိုသွားပြီး လတ်တလော ပိုးကူးစက်မှု ဖြစ်နေတဲ့ သက်ကြီးကောင် ခြင်နှိမ်နင်းရေးဖြစ်တဲ့ ခြင်ဆေးဖျန်းတာတွေ လုပ်တယ်။ ပညာပေးတာတွေ လုပ်ခဲ့တယ်၊ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုပဲ အားကိုးမနေဘဲ မိမိတို့ကိုယ်တိုင် သန့်ရှင်းရေးတွေ လုပ်တယ်။ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်အောင်လို့ ကာကွယ်နှိမ်နင်းရေးတွေကို ပုံမှန်လုပ်နေရမယ်။ ဖြစ်နိုင်ရင် အပတ်စဉ် သန့်ရှင်းရေးလုပ်ငန်းတွေကို လုပ်ရမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သွေးလွန်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်တွေကို ပုံမှန် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုမယ်။ ထုတ်ပြန်ချက်တွေအတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ပြည်သူလူထုတွေ ကြောက်နေကြတဲ့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုတွေ ကျဆင်းလာမှာ ဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာလွင်က ပြောသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်အလယ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၃ မြို့နယ်တို့တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအနေဖြင့် ၅၅၈ ဦး ဖြစ်ပွားခဲ့ရာ ချောင်းဦးမြို့နယ်တွင် နှစ်ဦး၊ ဘုတလင်မြို့နယ်တွင် တစ်ဦး၊ ရွှေဘိုမြို့နယ်တွင် တစ်ဦး၊ ရေဦးမြို့နယ်တွင် တစ်ဦး စုစုပေါင်း ငါးဦး သေဆုံးခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း မြို့နယ် ၃၁ မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ၅၀၅ ဦး ဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဧရယ္ပာတိုင်း)

ကမ္ဘာ့ဒုတိယလူဦးရေအများဆုံး အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှု တစ်သန်းကျော်လာ

နယူးဒေလီ ဇူလိုင် ၁၇

အာဏာပိုင်များက ကမ္ဘာ့ဒုတိယလူဦးရေအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်နေချိန်တွင် ဇူလိုင် ၁၇ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း တစ်သန်းကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းအချက်အလက် ဖော်ပြချက်များအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် နေ့စဉ် လူ ၆၀၀ ကျော် သေဆုံးခဲ့သောကြောင့် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသော ယင်းနိုင်ငံတွင် အသွားအလာ ကန့်သတ်ပိတ်ဆို့မှုများကို ပြန်လည်ပြဋ္ဌာန်းခဲ့ရသည်။ မကြာသေးမီ သီတင်းပတ်များက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ပြီဟူသော ယူဆချက်ဖြင့် ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးလိုက်ပြီးနောက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ဇူလိုင် ၁၇ ရက်က ထုတ်ပြန်လိုက်သော အချက်အလက်များအရ စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၀၃၃၈၂ ဦး ရှိကြောင်း သိသည်။ နေ့စဉ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၆၈၇ ဦး ကျော် မြင့်တက်နေမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ဦးရေလည်း ၂၅၆၀၂ ဦး ရှိလာခဲ့သည်။

လူဦးရေအလွန်ထူထပ်သော အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံပြီးလျှင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တတိယအဆိုးဆုံး ခံစားရသောနိုင်ငံဖြစ်သည်။ သို့သော်လည်း သေဆုံးမှုနှုန်းတွင် အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့သည် အိန္ဒိယနိုင်ငံထက် အတော်လေးမြင့်မားလျက်ရှိသည်။

အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နောက်ထပ် ကိုရိုနာဗိုင်းရပ်စ် ဗဟိုချက်နေရာများဖြစ်လာနိုင်ကြောင်း ဇူလိုင် ၁၆ ရက်က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အသင်းအဖွဲ့အစည်းက ပြောကြားလိုက်သည်။ ကမ္ဘာကြီးသည် အမေရိကန်ပြည်ထောင်စုနှင့် တောင်အမေရိကကို အာရုံစိုက်နေချိန်တွင် ကိုရိုနာဗိုင်းရပ်စ်၏ အကျပ်အတည်းသည် တောင်အာရှမှာလည်း တစ်ပြိုင်နက်တည်း ပေါ်ပေါက်လျက်ရှိကြောင်း ကြက်ခြေနီအဖွဲ့ကြီးက သတိပေး ပြောလိုက်သည်။

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုသည် တောင်အာရှတွင် အလွန်တရာ သတိထားရမည့်နှုန်းဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

အေအက်ဖ်ပီ

အိန္ဒိယနိုင်ငံမြို့တော်တစ်ခုရှိ ဆေးရုံတစ်ရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ် ဝေဒနာရှင်များကို တွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံတွင် သတင်းမီဒီယာပြတိုက်တစ်ခုဖွင့်လှစ်

ဟန္မိုင်း ဇူလိုင် ၁၇

ဗီယက်နမ်နိုင်ငံတွင် သတင်းမီဒီယာပြတိုက်တစ်ခု ဖွင့်လှစ်ခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဗီယက်နမ်နိုင်ငံရှိ သတင်းမီဒီယာပြတိုက်တွင် လာရောက်ကြည့်ရှုနေသူတစ်ဦးကို တွေ့ရစဉ်။

အဆိုပါ ပြတိုက်တွင် ဗီယက်နမ်စစ်ပွဲမှ ပူလစ်ဇာဆုရ ဓာတ်ပုံများမှ သည် ပြင်သစ် ကိုလိုနီခေတ်၌ သတင်းမီဒီယာ လွတ်လပ်ခွင့်ရအောင် ကြိုးစားခဲ့သော သတင်းဓာတ်ပုံများ ကို ပြသထားကြောင်း သိရသည်။

ဂရုတစိုက် ပြင်ဆင်ထားသော အဆိုပါ သတင်းပြတိုက်သည် ကွန်မြူနစ် နိုင်ငံတစ်နိုင်ငံ၏ သတင်းစာပညာသမိုင်းကို ထင်ဟပ်စေသည်။

အဆိုပါ သတင်းမီဒီယာ ပြတိုက်ကို လွန်ခဲ့သောလက ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္မိုင်းတွင် ဖွင့်လှစ်ပြသခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် သတင်းစာအားလုံးနှင့် ရုပ်ရှင်အားလုံးတို့သည် နိုင်ငံပိုင်များ ဖြစ်ကြသည်။

သတင်းမီဒီယာ လွတ်လပ်ခွင့်တွင် အဆင့် ၁၈၀ ရှိသည့်အနက် ဗီယက်နမ်နိုင်ငံသည် အဆင့် ၁၇၅ အထိရောက်နေကြောင်း နယ်စည်းမခြား သတင်းစာဆရာများအဖွဲ့က ပြောသည်။

ပြင်သစ်မှ အစပြုလာသော သတင်းမီဒီယာ လွတ်လပ်ခွင့် ဥပဒေအရ မိမိတို့အနေဖြင့် သတင်းမီဒီယာ လွတ်လပ်ခွင့်ဆိုသည်မှာ မည်ကဲ့သို့သော အရာမျိုးဖြစ်သနည်းဆိုသည်ကို အမြဲဆင်ခြင်သုံးသပ်လျက်ရှိကြောင်း ပြတိုက်ညွှန်ကြားရေးမှူး ထရမ်သီကင်ဟွာက ပြောသည်။

အေအက်ဖ်ပီ

ရုရှားစီးပွားရေး ပြန်လည်ကောင်းမွန်လာဟု ပူတင်ပြော

မော်စကို ဇူလိုင် ၁၇

ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပွားခဲ့သော ရုရှားနိုင်ငံစီးပွားရေးသည် ဆိုးရွားမှုများမှ တစ်ဆင့် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် အခက်အခဲသည် အလွန်ဆိုးရွားသလောက် သက်ရောက်မှုများကိုလည်း သိသာစွာမြင်တွေ့ခဲ့ရကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်- ၁၉ ကြောင့် ဆိုးရွားလာသောစီးပွားရေးကို ကာကွယ်ရန် ကိုဗစ်ကာလတစ်လျှောက် ယခင်က မပြုလုပ်ခဲ့ဖူးသည့် ဆောင်ရွက်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများလည်း ရရှိခဲ့သလို အခက်အခဲများကိုလည်း လျော့ပါးသက်သာစေခဲ့ကြောင်း အစိုးရအနာဂတ်သုံးနှစ် ဘတ်ဂျက်လုပ်ငန်းအစည်းအဝေးတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ထို့အပြင် ကိုဗစ်- ၁၉ နှင့် ပတ်သက်သော ကန့်သတ်ချက်များ တဖြည်းဖြည်း ဖြေလျှော့လာသည်နှင့်အညီ စီးပွားရေးလည်း တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာကြောင်း၊ ဝယ်လိုအားနှင့် စွမ်းအင်အသုံးချမှု ကိန်းဂဏန်းများလည်း ကပ်ရောဂါမဖြစ်ပွားခင် အခြေအနေသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း၊ သို့သော်လည်း အလုပ်အကိုင်အခွင့် အလမ်းများနှင့်ပတ်သက်ပြီး အခက်အခဲများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲ ရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ရုရှားနိုင်ငံတွင် ဇူလိုင် ၁၆ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၇၃၀၀၀၀ ကျော်ရှိကြောင်း သိရပြီး ၁၀၀၀၀ ကျော် သေဆုံးခဲ့သည်။

ရုရှားနိုင်ငံတွင် စားသောက်ဆိုင်၊ အားကစားခန်းမများနှင့် ပြည်တွင်းခရီးသွားလာမှုများတွင် ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့သည်။

ကမ္ဘာ့ဘဏ်၏ ဇူလိုင် ၆ ရက် ခန့်မှန်းချက်အရ ကိုဗစ်- ၁၉ ကပ်ရောဂါနှင့် ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံ၏ စီးပွားရေးသည် ၆ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ကြောင်း သိရပြီး နောင်လာမည့် ၂၀၂၁ မှ ၂၀၂၂ ခုနှစ်အတွင်း ပြန်လည်တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

တစ်နေ့တည်း ကိုဗစ်- ၁၉ ကူးစက်ခံရမှု ၂၉၃ ဦး စံချိန်တင် မြင့်တက်လာမှုနှင့်အတူ ကိုဗစ်- ၁၉ ထိန်းချုပ် တိုက်ဖျက်ရေးများ လုပ်ဆောင်ရန် တိုကျိုအုပ်ချုပ်ရေးမှူး တိုက်တွန်း

တိုကျို ဇူလိုင် ၁၇

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇူလိုင် ၁၇ ရက်က ကိုရိုနာဗိုင်းရပ်စ် အသစ်ထပ်မံကူးစက်ခံရသူ ၂၉၃ ဦးအထိ မြင့်တက်လာခဲ့ကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။ အဆိုပါ ပမာဏသည် ဇူလိုင် ၁၆ ရက်က ဖော်ပြခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၆ ဦးထက် တိုးလာသည့် ပမာဏဖြစ်သည်။ တိုကျိုတွင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၉၃၃ ဦး ရှိလာသည်။

တိုကျိုအုပ်ချုပ်ရေးမှူး ကိုအိခဲ ယူရီကိုက ဒေသခံများနှင့် စီးပွားရေးသမားများအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် တိုက်တွန်းလိုက်သည်။

ကိုအိခဲက ဇူလိုင် ၁၇ ရက်က တိုကျိုတွင် ကိုရိုနာဗိုင်းရပ်စ်အသစ် ထပ်မံကူးစက်ခံရသူ ၂၉၃ ဦး ရှိကြောင်း အတည်ပြုခဲ့သည်။

၇၀ ရာခိုင်နှုန်းသော ကိုရိုနာဗိုင်းရပ်စ် သယ်ဆောင်သူများသည် အသက် ၂၀ ကျော်နှင့် ၃၀ ဝန်းကျင်ကြား လူငယ်လူရွယ်များဖြစ်ကြောင်း၊ သို့သော်လည်း အသက် ၄၀ ကျော်နှင့် ၅၀ ဝန်းကျင်များတွင်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်နေကြောင်း ကိုအိခဲက ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့်လမ်းကြောင်းများမှာလည်း ပြောင်းလဲမှုများရှိကြောင်းနှင့် လူငယ်လူရွယ်များသည် ပါတီများမှ တစ်ဆင့်ကူးစက်ခံရပြီးနောက် အသက်ကြီးသည့်မိသားစုဝင်များကို ထပ်မံကူးစက်ပျံ့နှံ့စေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုကျိုမြို့တော်အုပ်ချုပ်ရေးမှူးက ဒေသခံများနှင့် စီးပွားရေးသမားများကို ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရာတွင် ပူးပေါင်းပါဝင်ကြရန်နှင့် သတိထားကြရန် တိုက်တွန်းမှာကြားလိုက်သည်။

ထို့အပြင် အုပ်ချုပ်ရေးမှူးက ပြည်သူများကို လက်များမှတစ်ဆင့် ဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ကာကွယ်ရေး၊ ခပ်ခွာခွာနေရေး၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် အခြားအဆောက်အအုံများအတွင်း ကျယ်လောင်စွာ စကားပြောဆိုခြင်းမပြုရေးတို့သာမက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးမှုမလုပ်ထားသည့် အဆောက်အအုံများသို့ သွားလာခြင်းမပြုရန်လည်း ဆက်လက်တိုက်တွန်းပြောကြားထားသည်။

အင်နန်အိတ်ချ်ကေ

သတင်းစာရှင်းလင်းပွဲတစ်ခုတွင် တွေ့ရသော တိုကျိုအုပ်ချုပ်ရေးမှူး ကိုအိခဲ ယူရီကို

ရာသီဥတုအရေး တက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်က အီးယူခေါင်းဆောင်များသို့ စာတစ်စောင်ပေးပို့

ဆွီဒင် ဇူလိုင် ၁၇

ရာသီဥတုပြောင်းလဲမှုအရေးကိစ္စနှင့်ပတ်သက်၍ ပိုမိုလုပ်ဆောင်ကြရန် ကမ္ဘာ့ခေါင်းဆောင်များသို့ တိုက်တွန်းထားသည့် အိတ်ဖွင့်ပေးစာတစ်စောင်ကို ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆွီဒင်ဆယ်ကျော်သက် ဂရီတာသွန်းဘတ်က ဥရောပသမဂ္ဂခေါင်းဆောင်များထံသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆွီဒင်ဆယ်ကျော်သက် ဂရီတာသွန်းဘတ်။

အဆိုပါပေးစာကို ဂရီတာသွန်းဘတ်က ဇူလိုင် ၁၆ ရက်တွင် ၎င်း၏ တွစ်တာအကောင့်ပေါ်၌ ရေးသားဖော်ပြခဲ့သည်။ အဆိုပါပေးစာကို ထောင်နှင့်ချီသည့် တက်ကြွလှုပ်ရှားသူများ၊ သိပ္ပံပညာရှင်များနှင့် အထင်ကရပုဂ္ဂိုလ်များ လက်မှတ်ရေးထိုးထားသည်။ ခေါင်းဆောင်များအနေဖြင့် ရာသီဥတုအရေးနှင့် ဂေဟစနစ်သဟဇာတမဖြစ်မှုကို အမှန်တကယ် အကျပ်အတည်းတစ်ခုအနေဖြင့် ကိုင်တွယ်ဖြေရှင်းမှုမရှိဘဲ ဖြေရှင်းနိုင်သယောင် ဟန်ဆောင်မနေကြရန် အဆိုပါပေးစာ၌ ဂရီတာသွန်းဘတ်က ရေးသားထားသည်။

ရုပ်ကြွင်းလောင်စာ တူးဖော်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအားလုံးကိုလည်း အမြန်ဆုံး ရပ်တန့်ကြရန် ပေးစာတွင် တိုက်တွန်းထားသည်။ လက်ရှိအချိန်ကာလအတွင်း အကောင်းဆုံးရရှိနိုင်သည့် သိပ္ပံဆိုင်ရာအခြေအနေအပေါ် အခြေခံလျက် တရားဝင်တာဝန်ခံမှုရှိသည့် နှစ်စဉ်ကာဗွန်အသုံးစရိတ်တစ်ရပ် ထူထောင်ရန် တောင်းဆိုထားသည်။

ထို့ပြင် အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးအောင် လုပ်ဆောင်သူများကို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာခုံရုံးတွင် နိုင်ငံတကာ ရာဇဝတ်မှုတစ်ခုအနေဖြင့် အရေးယူဆောင်ရွက်ကြရန် အဆိုပါပေးစာတွင် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

အိန္ဒိယနိုင်ငံ၌ ပြည်သူ ၁၂၅ သန်းအထိ အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုအသစ် ထပ်မံချမှတ်

နယူးဒေလီ ဇူလိုင် ၁၇

အိန္ဒိယနိုင်ငံရှိ ပြည်သူ၁၂၅ သန်းကျော်ကို ဇူလိုင် ၁၆ ရက်တွင် အစိုးရက အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုအသစ်တစ်ဖန် ပြန်လည်ချမှတ်လိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု ချမှတ်ထားသော်လည်း လမ်းမပေါ်သွားလာနေသူအချို့ကို တွေ့ရစဉ်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်- ၁၉ ကူးစက်မှုနှုန်း မြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရေးအတွက် အာဏာပိုင်များက ခက်ခက်ခဲခဲကြိုးပမ်းနေရပြီး အမေရိကမှ အာရှနိုင်ငံများအထိ ကသောင်းကနင်း အခြေအနေများ ဖြစ်ပေါ်လျက်ရှိချိန်တွင် အိန္ဒိယနိုင်ငံက ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ၁၃ ဒသမ ၄ သန်းအထိရှိလာပြီးသေဆုံးသူအရေအတွက်မှာ ၅၈၁၀၀ အထိ ရှိလာပြီဖြစ်သည်။ အမေရိက တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ရောဂါကူးစက်မှုအဆိုးဆုံး ထိခိုက်ခံစားရသည့်နေရာများဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် တစ်ရက်အတွင်းလူ ၆၀၀ ကျော်အထိ သေဆုံးမှုမြင့်တက်လာခဲ့ကာ နီပေါနိုင်ငံနှင့် ထိစပ်နေသည့် ဘီဟာပြည်နယ်ရှိ ပြည်သူ ၁၂၅ သန်းတို့ကို ဇူလိုင် ၁၆ ရက်မှစတင်ကာ ၁၅ ရက် ကြာ အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်းနည်းပညာအချက်အချာနေရာ ဖြစ်သည့် ဘန်ဂလောနှင့် ဂိုလာကမ်းခြေခရီးသွားဒေသတို့တွင် ယခုရက်သတ္တပတ်အစောပိုင်းက ကိုဗစ- ၁၉ ဆိုင်ရာ ကန့်သတ်ချက်အသစ်များ ချမှတ်ခဲ့သည်။

နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကြီးက တောင်အာရှဒေသကို ကိုဗစ- ၁၉ ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ရာ နောက်ထပ် ဗဟိုချက်မတစ်ခု ဖြစ်လာနိုင်ကြောင်း သတိပေးခဲ့သည်။ **ဘန်ကောက်ပို့စ်**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် နှစ်သန်းကျော်ပြီ

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၇

ဘရာဇီးနိုင်ငံ၌ ကိုဗစ- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် နှစ်သန်းကျော်အထိ ရောက်ရှိလာကြောင်း ဘရာဇီးအစိုးရက ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ အရေအတွက် ၄၅၄၀၃ ဦး ထပ်မံပေါ်ထွက်လာခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၂၀၁၂၁၅ ဦး အထိ မြင့်တက်လာကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ- ၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၃၂၂ ဦး ထပ်မံပေါ်ထွက်ခဲ့ပြီး စုစုပေါင်းသေဆုံးသူ အရေအတွက် ၇၆၆၈၈ ဦး အထိ ဖြစ်လာခဲ့သည်။

ဘရာဇီးနိုင်ငံရှိ လူဦးရေ အထူထပ်ဆုံးဖြစ်သည့် ဆော်ပိုလို မြို့တွင် ကိုဗစ- ၁၉ ကူးစက်ဖြစ်ပွားမှုကို အဆိုးဆုံးထိခိုက်ခံစားရပြီး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၄၀၂၀၄၈ ဦးနှင့် သေဆုံးသူ အရေအတွက် ၁၉၀၃၈ ဦး ရှိကာ မြို့တော် ရီယိုဒီဂျနေးရိုး၌ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၃၄၅၇ ဦးနှင့် သေဆုံးသူ အရေအတွက် ၇၁၂၇ ဦး ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် တစ်ကမ္ဘာလုံး၌ အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုဗစ- ၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယ အများဆုံးဖြစ်သည်။

အေအက်ဖ်ပီ

ဘရာဇီး၌ ပြည်သူများအား ကိုဗစ- ၁၉ ဗိုင်းရပ်စ်စစ်ဆေးမှု ဆောင်ရွက်နေစဉ်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ- ၁၉ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၆ သန်းကျော်အထိ ရောက်ရှိ

ဝါရှင်တန် ဇူလိုင် ၁၇

အမေရိကန်နိုင်ငံတွင် ကိုဗစ- ၁၉ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၆ သန်းကျော်အထိ ရောက်ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဇွန် ၁၆ ရက်ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အမေရိကန်နိုင်ငံတွင် ကိုဗစ- ၁၉ အဆိုးရွားဆုံးဖြစ်ပွားခဲ့သည့် ပြည်နယ်များမှာ နယူးယောက်ပြည်နယ်ဖြစ်ပြီး စုစုပေါင်း ကိုဗစ- ၁၉ ကူးစက်ခံရသူ ၄၀၄၇၇၅ ဦးရှိပြီး ၃၂၄၄၅ ဦး သေဆုံးခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်နှင့် ဖလော်ရီဒါပြည်နယ်တို့တွင်လည်း ကူးစက်ခံရသူ သုံးသိန်းကျော်အထိ ရှိသည်။ တက္ကဆက်၊ နယူးဂျာစီ၊ အီလီနွိုက်၊ အရီဇိုးနား၊ မက်ဆာချူးဆက်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်တို့တွင် ကူးစက်ခံရသူပေါင်း တစ်သိန်းကျော်ရှိကြောင်း သိရသည်။

ဆင်ဟွာ

ဂျပန်သို့ လာရောက်သည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဗိုင်းရပ်စ်စစ်ဆေးပေးရန် ဂျပန်ကာကွယ်ရေးဝန်ကြီး တောင်းဆို

တိုကျို ဇူလိုင် ၁၇

ဂျပန်နိုင်ငံသို့ လာရောက်သည့် အမေရိကန်တပ်ဖွဲ့ဝင်များအားလုံးကို ကိုဗစ- ၁၉ စစ်ဆေးမှုများ ဆောင်ရွက်ပေးရန် ဂျပန်နိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ မေတ္တာရပ်ခံလိုက်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုနိုတာရိုက ပြောကြားသည်။

ဗိုင်းရပ်စ်စစ်ဆေးမှုနှစ်ခုကို ဆောင်ရွက်ပေးရန် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက တောင်းဆိုကြောင်း၊ တစ်ခုမှာ အမေရိကန်တပ်ဖွဲ့ဝင်များ အမေရိကန်မှ ထွက်ခွာခြင်းမပြုမီ စစ်ဆေးခြင်းနှင့် အဆိုပါတပ်ဖွဲ့ဝင်များ ဂျပန်သို့ ဝင်ရောက်လာပြီးနောက် စစ်ဆေးခြင်းဖြစ်ကြောင်း မစ္စတာကိုနိုက သတင်းထောက်များသို့ ပြောကြားသည်။

ဂျပန်နိုင်ငံတွင် ရောက်ရှိနေကြသည့် အမေရိကန်ပြည်သူများအကြား ကိုဗစ- ၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခဲ့ပြီးနောက် ဂျပန်ကာကွယ်ရေးဝန်ကြီးက ထိုသို့တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အများစုကို လက်ခံထားသည့် စစ်အခြေစိုက်စခန်းများရှိရာ အိုကီနာဝါခရိုင်တွင် ကိုဗစ- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၀ ထပ်မံတွေ့ရှိကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

ပါပူဝါနယူးဂီနီ၌ အင်အားပြင်းငလျင်တစ်ခုလှုပ်

ကင်ဘာရာ ဇူလိုင် ၁၇

ပါပူဝါနယူးဂီနီ၌ ဇူလိုင် ၁၇ ရက်က ပြင်းအား ၇ ဒသမ အဆင့်ရှိသည့် အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း အာဏာပိုင်များက ဖော်ပြခဲ့သည်။ လတ်တလောတွင် ငလျင်ကြောင့် ထိခိုက်သေဆုံးမှုနှင့် အကြီးစားထိခိုက်ပျက်စီးမှုများ ရှိ မရှိ မသိရသေးပေ။

ငလျင်အနက်မှာ ၈၀ ကီလိုမီတာ(၅၃မိုင်)ရှိကြောင်း အမေရိကန်ဘူမိစစ်တမ်းအဖွဲ့က ဖော်ပြခဲ့သည်။ လူဦးရေ ၁၅၀၀၀ ရှိသည့် မော်ရိုဘီပြည်နယ်အတွင်းရှိ မော်ရိုဘီ ပက်ထရိုပို့စ် အနီးကို ဗဟိုပြုလျက် ငလျင်လှုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်နိုင်သည့် သတိပေးချက်ထုတ်ပြန်ထားချက်မရှိကြောင်း အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာစီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

အင်နန်အိတ်ချ်ကေ

တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့ အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီး

တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့ အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီးပေးဖို့ လိုပါတယ်။ တိတ်တခိုးဝင်လာသူတွေက quarantine မဝင်ကြဘူး။ ရောဂါပိုးရှိနေရင် အခြားသူများစွာကို ကူးစက်သွားနိုင်ပါတယ်။ Contact tracing ၊ ထိတွေ့မှုကြောင့် ရောဂါကူးသွားနိုင်ဖွယ်ရှိသူများကို စုံစမ်းရှာဖွေ quarantine သွင်းရတဲ့အလုပ်ဟာ နိုင်ငံအတွက် ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းစေဖို့ မဖြစ်မနေ ထမ်းရတဲ့ဝန်ပါ။

တရားမဝင် ဝင်လာသူများ၊ ထို့ကဲ့သို့ ဝင်လာခြင်းကို သိလျက်နဲ့၊ လက်သင့်ခံသူများ၊ ဖုံးကွယ်ထားသူများကို ဥပဒေအရ တင်းကျပ်စွာအရေးယူပါမယ်။ ဒီလိုအများအတွက် အန္တရာယ်ရှိတဲ့ လုပ်ရပ်မျိုး အကြောင်းသိလျှင် ရပ်ကျေးအုပ်ချုပ်ရေးကို အမြန်ဆုံး အသိပေးပါ။ ဒီလိုအသိပေးတာ တစ်ပါးသူကို ချောက်တွန်းရာ မရောက်ပါဘူး။ အပြစ်မဲ့ အများသူငါ ရောဂါချောက်ထဲမကျအောင် ကာကွယ်ပေးတာ ဖြစ်ပါတယ်။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၃-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေး ရန်ပုံငွေမှ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇူလိုင် ၁၇

ကျန်းမာရေး စောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေ (Access to Health Fund) မှ COVID-19 တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများ ဝန်ကြီးဌာနထံသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပံ့ပိုးမှုများ ပေးခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေး ရန်ပုံငွေ (Access to Health Fund) နှင့် အဓိကအလှူရှင်နိုင်ငံများဖြစ်သော United Kingdom၊ အမေရိကန်ပြည်ထောင်စု၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ ပံ့ပိုးမှုများသည် ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လူနာဓာတ်ခွဲအတည်ပြုစစ်ဆေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှု စွမ်းရည်နှင့် အရေအတွက် တိုးမြှင့်ဆောင်ရွက်ရာတွင် Access to Health Fund မှ ပံ့ပိုးမှုများသည် ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုမြန်ဆန် တိကျစေရန် များစွာအထောက်အကူပြုပါကြောင်း၊ Access to Health Fund မှ ပံ့ပိုးမှုများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအတွက် ပံ့ပိုးထောက်ပံ့ပေးခြင်းသည် ကောင်းမွန်ပါကြောင်း၊ သွားလာရခက်ခဲသော ဒေသများတွင် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရေးအတွက် နှစ်လလျှင် တစ်ကြိမ်ခန့် အဆိုပါအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဆွေးနွေး ညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Dan Chugg ၊ USAID မှ Deputy Head of Mission ဖြစ်သူ Ms. Teresa McGhie နှင့် Access to Health Fund Management Office မှ Fund Director ဖြစ်သူ Mr. Oren Ginzburg တို့က ပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေ (Access to Health Fund) မှ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ပြုလုပ်သော လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ (၆ ဒသမ ၂) သန်း တန်ဖိုးရှိ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်းများနှင့် ဓာတ်ခွဲပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရရှိရေးရန်ပုံငွေ (Access to Health Fund) သည် ယနေ့အချိန်အထိ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန် ဆောင်ရွက်မှုများအတွက် အမေရိကန် ဒေါ်လာ (၁၃ ဒသမ ၈) သန်း ပံ့ပိုးပြီး ကတိကဝတ်ထား လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၉၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၁၇ – ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၉၆ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများကကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ယနေ့ ဇူလိုင် ၁၇ ရက်အထိ စုစုပေါင်း ၄၈၅၇ ဦးတို့ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၂၆ ဦး၊ အမျိုးသမီး ၂၇၀ စုစုပေါင်း ၅၉၆ ဦးဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂၅၄) ခု အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၁၆-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၉၄၉) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၈၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၈) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၇၃) ခု၊ စုစုပေါင်း (၁,၈၇၄) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိကြောင်းကို (၁၆-၇-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ သတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၁၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၉)ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၇-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၁၆-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း	(၂၅၄) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၄၂၉)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခုနှင့်

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၄၂၉) ခု
(၁၇-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၃၉) ခု
(၁၇-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာများမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၇၃) ခု
(၁၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၄) ခု
(၁၇-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၈၀) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၃၅) ခု၊ စုစုပေါင်း (၁,၁၆၇)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၉) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁) ဦး (Case- 280) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၇၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၅၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၆-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁۷-۷-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁۷) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၇-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၃၉) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁) ဦး	(၂၇၁) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ချင်းရှေ့ဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၉ ဦး ထပ်မံဝင်ရောက်

ချင်းရှေ့ဟော် ဇူလိုင် ၁၇

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရှေ့ဟော်မြို့ မြန်မာ- တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ယမန်နေ့ ညနေ ၆ နာရီက ၂၂ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ခုနစ်ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၉ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၉ ဦးတွင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၈ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ တစ်ဦး၊ မြင်းခြံမြို့နယ်မှ လေးဦး၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ၂၂ ဦး တို့ဖြစ်ကြကာ ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရှေ့ဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ရေသန့်ဘူး၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာဒေသများသို့ ပြန်လည်ရောက်ရှိ စေနိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရှေ့ဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရှေ့ဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင် ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၃၅၈ ဦးနှင့် အမျိုးသမီး ၅၉၄၈ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၃၀၆ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

တောင်ကြီးမြို့ပေါ်ရပ်ကွက်များရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဒုတိယအကြိမ် ဆက်လက်ဖြန့်ဝေထောက်ပံ့

တောင်ကြီး ဇူလိုင် ၁၇

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား ကုလားပဲများကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက်(၃)ရပ်ကွက်မှ အခြေခံပြည်သူများအား ဒုတိယအကြိမ် လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေလျှုဒါန်းပေးအပ်ကြောင်း သိရသည်။

ယင်းသို့ဖြန့်ဝေလျှုဒါန်းရာသို့ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းနှင့် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ ကျောင်ကြီးစုရပ်ကွက် ကံကြီးရပ်ကွက်နှင့် ချမ်းသာရပ်ကွက် သုံးခုသို့ သွားရောက်၍ ရပ်ကွက်နေ အခြေခံပြည်သူအိမ်ထောင်စု ၁၀၆၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၀၆၀ ကို ဖြန့်ဝေပေးခဲ့သည်။ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် တောင်ကြီးမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား ကုလားပဲများ ပါဝင်သည့် စားနပ်ရိက္ခာထုပ်များ ဒုတိယအကြိမ် ဆက်လက်ဖြန့်ဝေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

၁۷-۷-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၃၆၉၈၃၉၂	၁၆၈၀၄၂၄	၁၉၁၁၅၀
၂။	ဘရာဇီး	၂၀၁၅၃၈၂	၁၃၆၆၇၇၅	၇၆၈၄၆
၃။	အိန္ဒိယ	၁၀၁၇၁၁၆	၆၄၄၁၇၂	၂၅၇၇၇
၄။	ရုရှား	၇၅၉၂၀၃	၅၃၉၃၇၃	၁၂၁၂၃
၅။	ပီရူး	၃၄၁၅၈၆	၂၃၀၉၉၄	၁၂၆၁၅
၆။	တောင်အာဖရိက	၃၂၄၂၂၁	၁၆၅၅၉၁	၄၆၆၉
၇။	မက္စဆီကို	၃၂၄၀၄၁	၂၀၃၄၆၄	၃၇၅၇
၈။	ချီလီ	၃၂၃၆၉၈	၂၉၅၃၀၁	၇၂၉၀
၉။	စပိန်	၃၀၅၉၃၅	စိစစ်ဆဲ	၂၈၄၁၆
၁၀။	ဗြိတိန်	၂၉၂၅၅၂	စိစစ်ဆဲ	၄၅၁၁၉

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၉၉၃၀၂	၃၃၉

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၇၁	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၄၅၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၅၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၂	၅
၂	ရခိုင်	၁၅	
၃	ချင်း	၁၁	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၆	
၇	ရှမ်း(တောင်)	၄	
၈	မန္တလေး	၄	
၉	ရှမ်း(ရှေ့)	၃	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ကရင်	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
	စုစုပေါင်း	၃၃၉	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁۷-۷-၂၀၂၀ ရက်၊ ည (၈) နာရီ

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁۷ - ۷ - ၂၀၂၀

	COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
အင်ဒိုနီးရှား	၈၃၁၃၀	၄၁၈၃၄	၃၉၅၇
ဖိလစ်ပိုင်	၆၃၀၀၁	၂၁၇၄၈	၁၆၆၀
စင်ကာပူ	၄၇၄၅၃	၄၃၂၅၆	၂၇
မလေးရှား	၈၇၅၅	၈၅၄၁	၁၂
ထိုင်း	၃၂၃၉	၃၀၉၆	၅၈
ဗီယက်နမ်	၃၈၂	၃၅၆	၀
မြန်မာ	၃၃၉	၂၇၁	၆
ကမ္ဘောဒီးယား	၁၇၁	၁၃၃	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၁၉	၁၉	၀



ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လျှုဒါန်း

ရန်ကုန် ဇူလိုင် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကိုဗစ်-၁۹ အသိပညာပေး လုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့ (Child Fund Myanmar) မှ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းများ လျှုဒါန်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့မှ Country Director ဒေါက်တာ ဝင်းမေထွေးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေထံသို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကိုပေးအပ်ကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လျှုဒါန်းမှုတွင် Surgical Surgical ဘူး ၅၀၀၊ လက်သန့်ဆေးဘူး ၃၀၀၊ ရောဂါကာကွယ်ရေး၀တ်စုံ ၂၀၊ Face Shield အခု ၅၀၊ Surgical Glove အခု ၅၀ ပါ ဘူး ၅၀ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့အနေဖြင့် ကိုဗစ် ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၀န်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနခုနစ်ခုသို့ ကိုဗစ် - ၁၉ ကာကွယ်ရေးပစ္စည်းများ ဆက်လက်လျှုဒါန်းသွားမည်ဖြစ်ကြောင်း၊ စုစုပေါင်းတန်ဖိုးအားဖြင့် မြန်မာကျပ်ငွေ ၂၇၈ သိန်းဖြစ်ကြောင်း၊ ဆက်လက်လျှုဒါန်းမည့် ဌာနများမှာ ရန်ကုန်မြို့ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မွန်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ဖြစ်ကြောင်း၊ ယခုထောက်ပံ့ပေးမှုကို ကိုရီးယား ကလေးသူငယ်ရန်ပုံငွေအဖွဲ့က ပံ့ပိုးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ကလေးသူငယ်ရန်ပုံငွေအဖွဲ့သည် ဩစတြေးလျှ ကလေးသူငယ်ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံအခြေစိုက်ရုံးဖြစ်သည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေးနှင့် လူငယ်လူရွယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်

ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ချေ လျှော့ချရေးကိုလည်း ပူးတွဲဆောင်ရွက်နေသော အဖွဲ့အစည်း တစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

ခေါင်လန်ဖူးမြို့နယ်တွင် နှာခေါင်းစည်းများ ဖြန့်ဝေ

ခေါင်လန်ဖူး ဇူလိုင် ၁၇

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရေးအတွက် ရည်ရွယ်၍ ယမန်နေ့က ကျေးရွာ ခုနစ်ရွာတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခေါင်လန်ဖူးမြို့နယ် ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဂွမ်ဆိုင်းလီ၊ ကျန်းမာရေး၀န်ထမ်းများနှင့် ဒေသခံလူငယ်များပူးပေါင်း၍ ထရိုမ်ကောင်၊ ဝါခယ်၊ နန်ဆယ်၊ ထာလားလော၁၊ ရီဒမ်း၊ ဖူးလွမ်းနှင့် နုဝမ်ကောင်ကျေးရွာများအတွင်းရှိ မိဘပြည်သူများကို ကျန်းမာရေး အသိပညာပေးပြောကြားကာ နှာခေါင်းစည်း အခု ၈၇၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ငြိမ်းအိအိဖြိုး (ပြန်/ဆက်)

နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏ အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှု စနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်နှင့် အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန်ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြစ်သော m-Banking, e-Banking, i-Banking, Mobile Payment စနစ်များဖြင့်လည်းကောင်း၊ MPU Corporate Debit Card အသုံးပြု၍ Online မှလည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အလယ် အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်ခြင်းကို လုပ်ငန်းခွင်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှုးရုံးများနှင့်ဆက်သွယ်၍ အခွန်ပေးဆောင်နေရမှုအစား အီလက်ထရောနစ် ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ထမ်းကုမ္ပဏီမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံးများ၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၃။ လစာဝင်ငွေခွန် ပေးဆောင်မှုမှတ်တမ်းအဖြစ် မှတ်တမ်းစာအုပ်ထုတ်ပေးခြင်းအစား ဌာန၏ Data Center နှင့် ချိတ်ဆက်၍ မိုဘိုင်းလ်ဖုန်းစနစ် (Mobile App) ဖြင့် အခွန်ပေးဆောင်ထားရှိမှု အချက်အလက်များကို ကြည့်ရှုနိုင်ရန် ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်နှင့် ချိတ်ဆက်၍ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြုပြီး လွယ်ကူလျင်မြန်စွာနှင့် လုံခြုံစိတ်ချစွာဖြင့် ပေးဆောင်နိုင်ပါသည်။

၅။ ယင်းသို့ အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်များအသုံးပြု၍ လူကိုယ်တိုင်လာရောက် အခွန်ပေးသွင်းနေမှုအစား အီလက်ထရောနစ် ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တို့ကို သွားရောက်ရသည့် အချိန်နှင့် ကုန်ကျစရိတ်သက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍ သွားလာရန် မလိုအပ်သဖြင့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်မရှိနိုင်ခြင်းနှင့် အလွဲသုံးစားနှင့် မသမာမှုအန္တရာယ်များ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည် ဖြစ်ပါသည်။

၆။ အီလက်ထရောနစ် ငွေပေးချေမှုစနစ်အားအသုံးပြု၍ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် သက်ဆိုင်ရာ အီလက်ထရောနစ် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများမှ အခွန်ထမ်းသို့ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလွှဲပြောင်းလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးဖြစ်ကြောင်း အထောက်အထားကို အခွန်ထမ်းထံသို့ email အသုံးပြုပေးပို့ အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number-TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများအနေဖြင့် နိုင်ငံတော်သို့အခွန်ငွေပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြင့်သာ အခွန်ပေးသွင်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၈။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် သိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၃၃၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ်-၅၉/၆၁(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂။ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂-၂၃ လမ်းကြား၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

စင်ကာပူနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇူလိုင် ၁၇

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးအား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ဖြင့် (၁၁) ကြိမ်မြောက် ကယ်ဆယ်ရေး လေယာဉ်ပြေးဆွဲလျက် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ပြည်ပနိုင်ငံအသီးသီးတွင် ရောက်ရှိနေပြီး စာချုပ်သက်တမ်းပြည့်လွန်နေသဖြင့် Crew Change ပြုလုပ်ရန် လိုအပ်နေသည့် မြန်မာသင်္ဘောသား စုစုပေါင်း ၈၇ ဦးတို့အား သက်ဆိုင်ရာသင်္ဘောကုမ္ပဏီများ၏ စီစဉ်ပေးမှုတို့ဖြင့် ဆုံရပ်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Korea Airlines အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး ဆိုးလ်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁) ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

စင်ကာပူနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေး/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ဆုံရပ်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် ၁၇၆၂ ဦးအားလည်းကောင်း၊ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသား ၁၇၆၀ အားလည်းကောင်း အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်ပါသည်။ **သတင်းစဉ်**

ပင်လယ်ကျွန်းကျေးရွာများရှိ ဆလုံလူမျိုး မိသားစုများအား အခြေခံစားကုန်များ ထောက်ပံ့

ကော့သောင်း ဇူလိုင် ၁၇

ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေး ကာလအတွင်း စားသောက်ရေးကိစ္စများ အခက်အခဲဖြစ်ပေါ်နေမှုကို တစ်စိတ်တစ်ဒေသ အဆင်ပြေကြစေရန် KMA foundation နှင့် KentonTrading Co.,Ltd. တို့က ပင်လယ်ပျော်မော်ကင်း (ခ) ဆလုံလူမျိုး မိသားစုအများစု နေထိုင်ရာ ကော့သောင်း မြို့နယ်အတွင်း ပင်လယ်ကျွန်းရွာများရှိ ကျေးရွာပြည်သူမိသားစုများအား အခြေခံစားကုန်များကို ယမန်နေ့က လိုက်လံဖြန့်ဝေ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထောက်ပံ့လှူဒါန်းမှုတွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကာလကြာရှည်လာသည်နှင့်အမျှ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများရှိ အခြေခံလူတန်းစားများ အပါအဝင် ပင်လယ်ကျွန်း ကျေးရွာများတွင် နေထိုင်ကြသည့် မော်ကင်း (ခ) ဆလုံလူမျိုးများနှင့် ဒေသခံပြည်သူများ စားသောက်ရေးကိစ္စများ တဖြည်းဖြည်း အခက်အခဲဖြစ်ပေါ်လျက်ရှိရာ ခရီးသွားလုပ်ငန်း လုပ်ကိုင်သည့် အဆိုပါ ကုမ္ပဏီများမှ တာဝန်ရှိသူများက ကော့သောင်းမြို့နယ် အတွင်းရှိ ဘိုချိုကျွန်း (မကြုံဂလက် ကျေးရွာ)၊ ဂျာလန်းကျွန်းကျေးရွာ၊ ညောင်ဝိကျွန်းကျေးရွာ၊ ဂျာအုံးကျွန်း ကျေးရွာများရှိ ဆလုံလူမျိုးမိသားစုများနှင့် ကျေးလက်နေဒေသခံ မိသားစုများအား အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် အခြားကုန်ခြောက် ပစ္စည်းများကို ကျေးရွာများရှိ အိမ်ခြေအလိုက် လိုက်လံဖြန့်ဝေ ထောက်ပံ့လှူဒါန်းခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ စပါးမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာကွင်းဆင်းသရုပ်ပြပွဲကျင်းပ

သီပေါ ဇူလိုင် ၁၇

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ စပါးမျိုးသန့်ထုတ်လုပ်ရေးအတွက် FS-RS ၈က ၅၀ နှင့် RS-CS ၁၂၅ ၈ကကို စပါးမျိုးသန့် ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းနှင့် SRI နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ရေမောင်းတန်းကျေးရွာ တောင်သူ ဦးကျုံးပေါင်း၏ လယ်မြေ၌ ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါ လက်တွေ့ကွင်းသရုပ်ပြပွဲသို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကွင်းတာဝန်ခံများနှင့် တောင်သူလယ်သမားဦးကြီး ၂၁၅ ဦး တက်ရောက်ကြပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဦးဇော်ဝင်းက မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ထုတ်လုပ်ရေးနည်းပညာများနှင့် မြို့နယ်ဦးစီးမှူးဦးအောင်ကျော်က SRI စိုက်ပျိုးရေး နည်းစနစ်များကို လက်တွေ့ပညာပေးပြသခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

(၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမှတ်တရစာအုပ်များ ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် (၇၃) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အမှတ်တရစာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာဘာသာဖြင့် အုပ်ရေးငါးသောင်းနှင့် အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေးထောင်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

အဆိုပါ အမှတ်တရစာအုပ်တွင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိများ၊ ဖဆပလ ဥက္ကဋ္ဌ ဦးအောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေး၌ နောက်ဆုံးပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အာဇာနည်ဗိမာန် လေးချိုးကြီး၊ ဗိုလ်ချုပ် အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်၏ အမှာစကား၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အာဇာနည်နေ့အမှတ်တရစကား၊ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီ၏ ဆုတောင်းစကား၊ အာဇာနည်ခေါင်းဆောင်များကျဆုံးပြီး ထုတ်လွှင့်သည့် သခင်နု၏ မိန့်ခွန်း၊ ဆရာဇော်ဂျီ၏ ပြောလိုက်ပါဘိ ဟောပါဘိ ကဗျာ၊ ဆရာတင်မိုး၏ အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့ ကဗျာ၊ ဆရာဒဂုန်တာရာ၏ ဘဝပုံသဏ္ဌာန်နှင့် ပထမအရွယ် ဆောင်းပါး၊ ဆရာမင်းသုဝဏ်၏ ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့် ပစ္စုပ္ပန်) ကဗျာ စသည်ဖြင့် ပြည်သူများသိမှတ်ဖွယ်ရာ၊ မှတ်သားဖွယ်ရာ အကြောင်းအရာများ စုံလင်စွာပါရှိသည်။

(၇၃) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမှတ်တရစာအုပ်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအား ဇူလိုင်လ ၁၇ ရက်နေ့မှစ၍ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(ပြန်/ဆက်)**

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇူလိုင် ၁၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကြွက်ညိုလေးနှစ်ကောင်၏ ဖြတ်ထိုးဉာဏ်ကောင်းပုံ အကြောင်းကို တင်ဆက်ထားသည့် "ကြွက်ညို၏ အကြံ"မျက်နှာဖုံးကာတွန်း၊ မြန်မာ့ကျေးလက်ဒေသများတွင် အသုံးပြုနေကြဆဲဖြစ်သော ရိုးရာအမွေအနှစ်တစ်ခုအကြောင်းကို ကလေးတို့အတွက် ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "တိုးမောင်း(သို့)မဟုတ်) အုန်းမောင်းအကြောင်း သိကောင်းစရာ"သုတဆောင်းပါး၊ ဘာသာရပ်တိုင်းတွင် အမှတ်ပြည့်ရရန် ကစားချိန်လျှော့ပြီး စာကျက်ချိန် တိုးရမည်ဖြစ်ကြောင်း အမြင်မှန်ရသွားသော ကျောင်းသားလေး တစ်ယောက် အကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းအက်နိန်း၏ "ဖိုးကတုံး" နှစ်မျက်နှာကာတွန်း၊ မိမိတတ်မြောက်ထားသော ပညာရပ်ကို နည်းမှန်လမ်းမှန် အသုံးမချတတ်ပါက ဘေးဒုက္ခနှင့် ကြုံတွေ့နိုင်ကြောင်းကို ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍာ အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးရှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	- ဝင်းကျော်
သတင်းထောက်ချုပ်	- မြင့်ဆွေ
စာတည်းများ	- ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း	- ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	- ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	- နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက်	- တင်စိုး
သုတေသန	- အိအိခင်နှင့် အဖွဲ့
စာပြင်	- ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	- သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	- (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁၄၅၂၊ **စာတည်းအဖွဲ့** ၀۶۷-၃۶၁၄၄၅၊ **ဖက်စ်** ၀۶۷-၃۶၁၄۶۶၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၁၄၊ **စီမံ** ၀၁-၅၄၄၃၃၅၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၃၁۶၊ **ကြော်ငြာ** ၀၁-၅၄၄၅၃၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅۶۷၂၁၊ ၀۶۷-၃۶၁၄۶၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၁۷၊ **Fax** ၀၁-၈۶၀၄۶۶۶။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁۷ - ۷ - ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၅၀၀၀	
ရန်ကုန်	၁၆ ပဲရည်	ဖြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၄۷၀၀၀	
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁۷၆၅၀၀	
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၅၀၀၀	
မန္တလေး	၁၆ ပဲရည်	ဖြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၄۷၀၀၀	
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၁۷၆၅၀၀	

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၃၀/၅၆၀	ကျပ်	၅၆၀/၅၈၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၄၀/၅၇၅	ကျပ်	၅၇၅/၅၉၅	ကျပ်
အောက်တိန်း ၉၂	၄၈၀/၅၁၀	ကျပ်	၅၅၀/၅၆၀	ကျပ်
အောက်တိန်း ၉၅	၆၁၀/၆၂၅	ကျပ်	၆၇၀/၆၉၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၈၀	. ၃
ဥရောပ	တစ်ယူရို	ကျပ်	၁၅၇۷	. ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၉၂	. ၆၀
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁۷၃၃	. ၀
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၈၈	. ၄
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၆၅	. ၀၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၇	. ၂၁
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈	. ၄၀၄
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၄	. ၆၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၃	. ၃۷
ထိုင်း	တစ်ဘတ်	ကျပ်	၄၃	. ၅၃၆

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၀၀၀	၁၀၅၅၀	၆၀၃	၆၃၁၀၅၅၀
MTSH	၃၈၅၀	၃၈၅၀	၁၂၉၁	၄۷۶۶۷ۃ۵۵
MCB	၈၁၀၀	၈၁၀၀	၁	၈၁၀၀
FPB	၂၂၀၀၀	၀	၀	၀
TMH	၂၇၅၀	၀	၀	၀
EFR	၂၆၅၀	၂၇၅၀	၁၁۷۹	၃၂۷۷۸۸۵၀

၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

စဉ်	ကုန်စည်အမျိုးအမည်
အထွေထွေကုန်စည်များ	
၄၃	အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ပုဒ်မ ၁၁ ပါအထူးကုန်စည် တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။

(၀) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှ တစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

စဉ်	ဝန်ဆောင်မှုအမျိုးအမည်
နိုင်ငံခြားရေးကဏ္ဍ	
၁	ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများကရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။
၂	ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှ ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။
ကာကွယ်ရေးကဏ္ဍ	
၃	ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။
သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ	
၄	ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ	
၅	ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၆	ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူ ပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။
၇	နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၈	လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။
၉	ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့် ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။
၁၀	အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၁	ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။
ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ	
၁၂	ပညာရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၃	စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။
ကျန်းမာရေးကဏ္ဍ	
၁၄	ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။
၁၅	ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။
၁၆	တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၇	အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။
စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ	
၁၈	အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။
၁၉	အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၀	အရင်းအနှီးစျေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။

(ဆက်လက်ဖော်ပြပါမည်)

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

(၈၃) **ပြည်တွင်းနေပုဂ္ဂိုလ်** ဆိုသည်မှာ ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်၊ ပြည်တွင်းနေ ကုမ္ပဏီ၊ ပြည်တွင်းနေ အမွေပုံပစ္စည်း၊ အစိုးရ၊ သို့မဟုတ် အများပြည်သူဆိုင်ရာ အာဏာပိုင်ကို ဆိုသည်။

(၈၄) **ပြည်တွင်းနေ ပညာသည်အစုစပ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(က) မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသည့်(formed) ပညာသည် အစုစပ်လုပ်ငန်း၊

(ခခ) မြန်မာနိုင်ငံတွင် စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းပြုသည့် ပညာသည် အစုစပ်လုပ်ငန်း။

(၈၅) **အငြိမ်းစားရန်ပုံငွေ** ဆိုသည်မှာ ရန်ပုံငွေ၏အဖွဲ့ဝင်များ အကျိုးအတွက်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦး သေဆုံးပါက ယင်းကို မှီခိုသူများ၏ အကျိုးအတွက်သော်လည်းကောင်း တည်ထောင်ထားသည့် ရန်ပုံငွေကို ဆိုသည်။

(၈၆) **ခိုင်ကြေး (royalty)** ဆိုသည်မှာ ကာလအပိုင်းအခြား အလိုက်ဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ အောက်ပါတစ်ခုခုအတွက် ပေးချေသည့် အဖိုးစားနားကဲ့သို့သော ငွေကြေးပမာဏကို ဆိုသည် -

(ကက) ရုပ်ရှင်ကားများနှင့် ရေဒီယို၊ ရုပ်မြင်သံကြား သို့မဟုတ် အင်တာနက်မှ ထုတ်လွှင့်ခြင်းအတွက် ဖလင်များနှင့် တိပ်ခွေများအပါအဝင် စာပေ၊ အနုပညာ၊ သို့မဟုတ် သိပ္ပံဆိုင်ရာ ဖန်တီးမှုတစ်ခု၏ မည်သည့် မူပိုင်ခွင့်ကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(ခခ) ရုပ်မြင်သံကြား၊ ရေဒီယို၊ သို့မဟုတ် အင်တာနက်မှ ထုတ်လွှင့်ခြင်းနှင့် စပ်လျဉ်း၍ ဗြိုတ်တု၊ ကေဘယ်၊ အလင်းမျှင်ဖိုင်ဘာ၊ သို့မဟုတ် အလားတူနည်းပညာဖြင့် ပို့လွှတ်သည့် အရုပ်ကို ဖြစ်စေ၊ အသံကို ဖြစ်စေ၊ အရုပ်နှင့် အသံနှစ်မျိုးလုံးကိုဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့် သို့မဟုတ် ဖမ်းယူခြင်း သို့မဟုတ် ဖမ်းယူပိုင်ခွင့်၊

(ဂဂ) မည်သည့် တီထွင်မှု မူပိုင်ခွင့်၊ တီထွင်ခြင်း၊ ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်း သို့မဟုတ် နမူနာပုံစံငယ်၊ အစီအစဉ်၊ လျှို့ဝှက်ဖော်စပ်နည်း သို့မဟုတ် လုပ်ငန်းစဉ်၊ သို့မဟုတ် အခြားအလားတူပစ္စည်း သို့မဟုတ် အခွင့်အရေးကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(ဃဃ) မည်သည့် စက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ (commercial)၊ သို့မဟုတ် သိပ္ပံဆိုင်ရာ ကိရိယာကိုမဆို အသုံးပြုခြင်း၊ သို့မဟုတ် အသုံးပြုခွင့်၊

(င) စက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ (commercial)၊ သို့မဟုတ် သိပ္ပံဆိုင်ရာ အတွေ့အကြုံနှင့် သက်ဆိုင်သည့် မည်သည့် သတင်းအချက်အလက်ကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(စ) ပုဒ်မခွဲငယ်စိတ် (ကက) မှ ပုဒ်မခွဲငယ်စိတ်(င) အထိတွင် ဖော်ပြထားသည့် ပစ္စည်း သို့မဟုတ် အခွင့်အရေးကို အသုံးပြုနိုင်ရန် သို့မဟုတ် ခံစားနိုင်စေရန် နည်းလမ်းတစ်ရပ်အဖြစ် အထောက်အကူပြုပြီး ဖြည့်စွက်ပေးအပ်သည့် အကူအညီ။

(၈၇) တစ်ဦးချင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ **အိမ်ထောင်ဖက်** ဆိုသည်မှာ အောက်ပါ တစ်ဦးဦးကို ဆိုသည် -

(ကက) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် လက်ထပ်ထားသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၊

(ခခ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် လက်ထပ်မထားသော်လည်း ယင်းနှင့်အကြင်လင်မယားအဖြစ် အတူနေထိုင်လျက်ရှိသည့် သို့မဟုတ် ယင်းကာလမတိုင်မီ ၁၂ လတာကာလတစ်လျှောက် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် ထိုကဲ့သို့သော ဆက်ဆံရေးမျိုးဖြင့် အတူနေထိုင်ခဲ့သည့် တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦး၊

(ဂဂ) အောက်ပါအခြေအနေတစ်ရပ်ရပ်မှအပ ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် တွဲဖက်လျက် ကလေးတစ်ဦး၏ မိဘအရင်း၊ သို့မဟုတ် မွေးစားမိဘဖြစ်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး-

(၁-၁) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှစ်ဦးသည် လက်ထပ်ထားခြင်းဖြစ်ပါက ကွာရှင်းပြီးဖြစ်ခြင်း၊

(၁-၂) ကျန်အခြေအနေအားလုံးတွင် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှစ်ဦးသည် တစ်ဆက်တည်းဖြစ်သည့် အနည်းဆုံး ၁၂ လတာကာလတွင် အကြင်လင်မယားအဖြစ် အတူနေထိုင်ခဲ့ခြင်း မရှိတော့ခြင်း။

(၈၈) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ **ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ချက်** ဆိုရာတွင် အဆောက်အအုံ၊ လမ်း၊ အဝင်လမ်း၊ ယာဉ်ရပ်နားရန်နေရာ၊ ပိုက်လိုင်း၊ တံတား၊ ဥမင်လိုဏ်ခေါင်း၊ လေယာဉ်ပြေးလမ်း၊ တူးမြောင်း၊ သင်္ဘောကျင်း၊ ဆိပ်ခံ၊ ကမ်းထိန်းနံရံ၊ ခြံစည်းရိုး၊ ဓာတ်အားလိုင်း၊ ရေပိုက်များ သို့မဟုတ် ရေဆိုးစွန့်ပိုက်များ၊ မြောင်း၊ မြေယာရှုခင်း၊ သို့မဟုတ် ဆည်တို့လည်း အကျုံးဝင်သည်။

